ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက် ၊ တနင်္ဂနွေနေ့ ၊ (12-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၆၅)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီးပြိုင်ပွဲကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားအိုးစည်အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့်အမျိုးသားပြတိုက်တို့၌ ကျင်းပလျက်ရှိသည့် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဌေးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ၏**

ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

ကျောက်မဲမြို့ဒေသခံပြည်သူများအပေါ် တပ်မတော်သားတို့၏စေတနာ

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) အား တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျောက်မဲမြို့ကို အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီတွင် အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံကလေးသူငယ်များပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်ကိုထမ်းဆောင်ကြရမည့် ကျောင်းနေအရွယ် အနာဂတ်ရင်သွေးငယ်များအားလုံးပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ဒေသခံကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် အောက်တိုဘာ ၈ ရက်မှစတင်၍ ကျောက်မဲမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီးတည်ငြိမ်အေးချမ်းလျက်ရှိသည့်ဒေသများမှကျောင်းသား၊ ကျောင်းသူများနည်းတူစိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားလျက်ရှိသည်။ ထပ်မံကျောင်းအပ်နှံသည့်ကျောင်းသား၊ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့်ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း လိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိကြသည်။

ကျောက်မဲမြို့သို့ပြန်လည်အခြေချနေထိုင်မည့် ဒေသခံပြည်သူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဒေသခံပြည်သူများ၏ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများ၊ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်သည် ပြည်သူလူထုတစ်ရပ်လုံး၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူများထိန်းချုပ်ထားသည့်ဒေသများသို့ ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ပင်ပန်းဆင်းရဲခံကာ အသက်ကိုပင်ပမာနမထားဘဲ ရွှေ့ရွှေ့ချွံချွံဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများထိန်းချုပ်ထားသည့် မြို့ရွာများကို တစ်မြို့ပြီးတစ်မြို့ပြန်လည်ထိန်းချုပ်လာခဲ့ရာ ကျောက်မဲမြို့ကိုလည်း ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ယခင်ကဲ့သို့ပုံမှန်လည်ပတ်နိုင်ရေးအတွက် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများကဆောင်ရွက်လျက်ရှိပြီး ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလုံခြုံရေးတပ်ဖွဲ့ဝင်များကဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်သားများသည် တုံးတိုက်တိုက်၊ကျားကိုက်ကိုက်စိတ်ဓာတ်ဖြင့် အကြမ်းဖက်သောင်းကျန်းသူများထိန်းချုပ်ထားသည့် မြို့ရွာများသို့ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ထိုမြို့ရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ ယခင်ကဲ့သို့ပုံမှန်လည်ပတ်နိုင်ရေးအတွက် တစ်တပ်တစ်အားအားဖြည့်ဆောင်ရွက်လျက်ရှိသည်။ ကျောက်မဲမြို့ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊လုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ရေးတို့အတွက် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၏လုပ်ဆောင်ချက်များအပေါ် လေးစားဂုဏ်ယူပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ထိုင်းဘေကျားစပါးတင်းရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ထိုင်းဘေကျားစပါးတင်းရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လက ထိုင်းဘေကျားစပါးအမျိုးအစား တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ တစ်လအတွင်း ထိုင်းဘေကျားစပါးတင်းရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ပြီးခဲ့တဲ့တစ်လအတွင်း ထိုင်းဘေကျားစပါးတင်းရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ ရောင်းချနေပါတယ်။ ထိုင်းဘေကျားအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေကဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဆန်၊ စပါးဈေးကွက်မှာကို ထိုင်းဘေကျားစပါးက အဝယ်လိုက်နေတာပါ" ဟု ရေကြည်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်ထံမှ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေကျား စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများအလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ရေကြည်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်ထံမှ သိရသည်။

ကျော်ကျော်လင်း

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၇၇ ရက် သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈က ၁၃၉၀၀ စိုက်ပျိုးမည်

ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ဘုတလင် အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈က ၁၃၉၀၀ စိုက်ပျိုးမည် ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် နှမ်း၈က ၁၃၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း၈က ၁၃၉၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထား၈ကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့် အပြင်ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ပျဉ်းမနားမြို့နယ် ကွက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပျဉ်းမနား အောက်တိုဘာ ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့နည်းစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းလုပ်ငန်းစဉ်ပါ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇ ဒသမ ၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကွက်သစ်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၃ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၅ ဒသမ ၂ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၆ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၄၇ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ လမ်း ၇၀ နေ ဦးစိုင်းရဲမြင့်-ဒေါ်သူဇာခိုင်၊ သမီးနန်းမြသန်းထိုက်၊ သား စိုင်းသီဟဦး မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါကော ၁၆၂၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၁၆၂၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၇စ၃၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလတတိယပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၆၂۷၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဝါ ၁۷စ၃۷ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၂۷၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေ လွယ်ကူစွာစိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဝါသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်း မျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင် ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဝါသီးနှံကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

ငဖဲမြို့နယ် ငလှိုင်တောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ငဖဲ အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် တာဝန်ခံအင်ဂျင်နီယာများက ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ် ငလှိုင်တော ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် Pipe Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၀ ဒသမ ၅၄၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရဲထွဋ်ငှလှိုင်ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၂၁ ရက်မှစတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဧင်မာ

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၂၃၁၀ စိုက်ပျိုးမည်

မြောင်းမြ အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၂၃၁၀ ကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နေကြာသီးနှံများ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံနေကြာ ဧက ၂၃၁၀ လျာထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာတွေ ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို စတင်မစိုက်မီကြိုတင် စီမံဆောင်ရွက်ပေးထားပါတယ်။ ဒေသခံတောင်သူတွေက အရင်နှစ်တွေကလဲ နေကြာစိုက်တဲ့အတွေ့အကြုံ ရှိပါတယ်။ ဒဲ့ကြောင့် အခုနှစ် စိုက်ပျိုးရာမှာ အထောက်အကူဖြစ်စေပါတယ်။ စိုက်ပျိုးမဲ့ နေကြာစိုက်ခင်းတွေကိုအောင်မြင် ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟုမြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ကိုယ်ပိုင်လုပ်ငန်းအတွက် အချိန်စီမံခန့်ခွဲမှု

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုများသည် အရေးပါသော ကိစ္စများဖြစ်သည်။ အဓိကကျသော စီမံခန့်ခွဲမှုများကို ဖော်ပြရမည်ဆိုပါက အမျိုးအစားများစွာ ရှိနေသည်။ အရင်းအမြစ်များအားလုံးကို စီမံခန့်ခွဲပြီး အဆင့်ဆင့်စီစဉ်ကြရခြင်းဖြစ်သည်။ အဓိပ္ပာယ်အနေဖြင့်ဆိုပါက စီမံခန့်ခွဲ ခြင်းဆိုသည်မှာ ကြိုတင်သတ်မှတ်ထားသော ပန်းတိုင်များကို ထိရောက်စွာနှင့် ရေရှည်တည်တံ့စွာ အောင်မြင်စေရန် လူပုဂ္ဂိုလ်များ၊ ငွေကြေး၊ ကုန်ကြမ်း၊ နည်းပညာနှင့် သတင်းအချက်အလက် စသည်ကဲ့သို့ အရင်းအမြစ်များကို စီမံချက်ချမှတ်ခြင်း၊ စုစည်းခြင်း၊ ညွှန်ကြားခြင်းနှင့် ထိန်းချုပ်ခြင်း စသည့်လုပ်ငန်းစဉ်များ ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ တစ်နည်းဆိုရသော် အရင်းအမြစ်များကို ရလဒ်အကောင်းဆုံးရရှိစေရန် စနစ်တကျ ညှိနှိုင်းဆောင်ရွက်ခြင်းဟုလည်း ဆိုနိုင်သည်။

စီမံခန့်ခွဲခြင်း၏ အဓိကလုပ်ငန်းစဉ်များ

စီမံခန့်ခွဲခြင်း၏ အဓိကလုပ်ငန်းစဉ်များအဖြစ် စီမံချက်ရေးဆွဲခြင်း၊ စုစည်းဆောင်ရွက်ခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် ဦးဆောင်ခြင်း၊ ထိန်းချုပ်ခြင်းတို့ဖြစ်သည်။

စီမံချက်ရေးဆွဲခြင်းကို ရှင်းပြရမည်ဆိုပါက လုပ်ငန်းတစ်ခုကို လုပ်ကိုင်သည်နှင့် တစ်ပြိုင်နက် မိမိ၏ မျှော်မှန်းချက်ပန်းတိုင်ကို ရှင်းလင်းပြတ်သားစွာ သတ်မှတ်ထားရန်လိုအပ်သည်။ ထိုမျှော်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန် မည်သည့်လုပ်ငန်းများလုပ်ကိုင်မည်၊ မည်သည့် ဆောင်ရွက်ချက်များကို မည်သည့်အချိန်တွင် ဆောင်ရွက်မည်၊ မည်သို့ အချိန်ဇယားချမှတ်ဆောင်ရွက်မည် စသည်တို့ကို အစီအစဉ်တကျဖြစ်စေရန် ကြိုတင်ခန့်မှန်းရေးဆွဲထားခြင်းဖြစ်သည်။ အသေးစိတ် လုပ်ငန်းစဉ်များကို ထည့်သွင်းထားလေ့ရှိသည်။ စီမံချက်ချမှတ်ခြင်းသည် စီမံခန့်ခွဲမှုပညာ၏ အခြေခံအုတ်မြစ်ဖြစ်သည်။

စုစည်းဆောင်ရွက်ခြင်း ဆိုသည်မှာ စီမံချက်အောင်မြင်ရန်အတွက် လိုအပ်သော 3M (လူသား (Man)၊ ငွေကြေး (Money)၊ ပစ္စည်း (Material) တို့ကို စုစည်းခြင်းဖြစ်သည်။ လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ပေးခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊ ထိရောက်သော လုပ်ငန်းလည်ပတ်မှုစနစ်တည်ဆောက်ခြင်းတို့ဖြစ်သည်။

ညွှန်ကြားခြင်း သို့မဟုတ် ဦးဆောင်ခြင်း ဆိုသည်မှာ လူသားအရင်းအမြစ်ဖြစ်သော ဝန်ထမ်းများ၊ အလုပ်သမားများကို လိုအပ်သော ညွှန်ကြားချက်များ ပေးခြင်း၊ အလုပ်ကို မှန်ကန်စွာဆောင်ရွက်နိုင်ရန်၊ အလုပ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရန်နှင့် သက်ဆိုင်သောလုပ်ငန်းများ အားလုံးကို ဦးစီးဦးဆောင်ပြုလုပ်ပြီး လုပ်ငန်းများ အောင်မြင်စေရန် ဆောင်ရွက်ခြင်းတို့ဖြစ်ကြသည်။ အရည်အချင်းပြည့်မီသော လူသားများဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ပါက အခြားသူများထက် ပိုမိုအောင်မြင်မည်သာဖြစ်သည်။

ထိန်းချုပ်ခြင်း လက်တွေ့ဆောင်ရွက်မှုများသည် စီမံချက်နှင့်အညီ ဆောင်ရွက်နိုင်မှုရှိစေရန် စောင့်ကြည့်ပြီး လမ်းကြောင်းတည့်မတ်အောင် လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ရည်မှန်းချက်နှင့် သွေဖည်မသွားစေရန် ပဲ့ကိုင်ပေးခြင်းဖြစ်သည်။ ထိရောက်ထက်မြက်သော လုပ်ငန်းတစ်ခုဖြစ်စေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

စီမံခန့်ခွဲခြင်းအမျိုးအစားများ

စီမံခန့်ခွဲခြင်းကို ယေဘုယျအားဖြင့် အမျိုးအစားခွဲခြားကြည့်မည်ဆိုပါက မဟာဗျူဟာစီမံခန့်ခွဲခြင်း၊ လုပ်ငန်းစီမံခန့်ခွဲခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း၊ လူသားအရင်းအမြစ်စီမံခန့်ခွဲခြင်း၊ စျေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲခြင်း၊ သတင်းအချက်အလက်စီမံခန့်ခွဲခြင်း၊ အချိန်စီမံခန့်ခွဲခြင်း ဟူ၍ ရှိသည်။ အမျိုးအစားအားလုံးသည် သူ့နေရာနှင့်သူလိုအပ်ပြီး အခြေခံဖြစ်သော 3M(Man, Money and Material) ဟူသော အချက်သုံးချက်ပေါ်တွင် ခွဲခြားထားခြင်းဖြစ်သည်။ ထိုအထဲတွင် အချိန်ကိုစီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍အနည်းငယ် အကျယ်ချဲ့ ရှင်းလင်းပေးလိုသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းငယ်များသည် အထိုက်အလျောက် အောင်မြင်လာသည့်အခါတွင် ထပ်မံတိုးချဲ့ရန် လိုအပ်လာသည်။ သို့ရာတွင် လုပ်ငန်းကြီးများကဲ့သို့ မန်နေဂျာများကို အဆင့်ဆင့်ကြီးကြပ်ရန် မထားရှိနိုင်ခြင်းကြောင့် ပိုင်ရှင်ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်နေရသည့်အခါတွင် လုပ်ငန်းများကို တိုးချဲ့ရန် ကိုယ်ခွဲမရှိသည့်အတွက် လုပ်ငန်းကို တိုးချဲ့လိုသည့်အတိုင်း မချဲ့နိုင်သည်များကို ကြုံတွေ့ရသည်။ ထိုကဲ့သို့ အဖြစ်အပျက်များသည် လုပ်ငန်းအများစုတွင်တွေ့ရှိနေရသဖြင့် အဆိုပါ လုပ်ငန်းငယ်များ လုပ်ငန်းတိုးချဲ့နိုင်ရေးအတွက် အဓိကကျသော အချိန်စီမံခန့်ခွဲခြင်းကို အကျယ်ချဲ့ပြောလိုခြင်းဖြစ်သည်။

> ❖ **အချိန်စီမံခန့်ခွဲခြင်းသည် လုပ်ငန်းဆောင်တာများ၊ လုပ်ငန်းငယ်လေးများကို သတ်မှတ်ချိန်အတွင်း ထိရောက်စွာ ပြီးမြောက်စေရန်အတွက် စီမံခန့်ခွဲသည့် ပညာရပ်တစ်ခုဖြစ်သည်။ စီမံခန့်ခွဲမှုပညာရပ်တွင် အချိန်စီမံခန့်ခွဲခြင်းသည် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လူအများသည် အချိန်စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ ပြောလေ့ရှိသည်။ အချိန်ကို မဖြုန်းဘဲ ၂၄ နာရီစလုံးကို အပြည့်အဝအကျိုးရှိရှိ အသုံးချနိုင်ရန်မှာမလွယ်ကူသော အလုပ်တစ်ခုဖြစ်သည်။ အချိန်ကို ကောင်းစွာစီမံခန့်ခွဲနိုင်သူများသည် အောင်မြင်သူများသာဖြစ်ကြသည်။ တစ်ကိုယ်တည်း လုပ်ကိုင်နေရသောသူများအတွက် အချိန်ကို ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်းသည် လုပ်ငန်းအတွက် ကိုယ်ခွဲ၊ကိုယ်ပွားရရှိခြင်းနှင့် အလားသဏ္ဌာန်တူသည့် လျှို့ဝှက်ချက်ဖြစ်သည်။ ❖**

အချိန်စီမံခန့်ခွဲခြင်း

အချိန်စီမံခန့်ခွဲခြင်းသည် လုပ်ငန်းဆောင်တာများ၊ လုပ်ငန်းငယ်လေးများကို သတ်မှတ်ချိန်အတွင်း ထိရောက်စွာ ပြီးမြောက်စေရန်အတွက် စီမံခန့်ခွဲသည့် ပညာရပ်တစ်ခုဖြစ်သည်။ စီမံခန့်ခွဲမှုပညာရပ်တွင် အချိန်စီမံခန့်ခွဲခြင်းသည် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လူအများသည် အချိန်စီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ ပြောလေ့ရှိသည်။ အချိန်ကို မဖြုန်းဘဲ ၂၄ နာရီစလုံးကို အပြည့်အဝအကျိုးရှိရှိ အသုံးချနိုင်ရန်မှာမလွယ်ကူသော အလုပ်တစ်ခုဖြစ်သည်။ အချိန်ကို ကောင်းစွာစီမံခန့်ခွဲနိုင်သူများသည် အောင်မြင်သူများသာဖြစ်ကြသည်။ တစ်ကိုယ်တည်း လုပ်ကိုင်နေရသောသူများအတွက် အချိန်ကို ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်းသည် လုပ်ငန်းအတွက် ကိုယ်ခွဲ၊ကိုယ်ပွားရရှိခြင်းနှင့် အလားသဏ္ဌာန်တူသည့် လျှို့ဝှက်ချက်ဖြစ်သည်။

အရေးအကြီးဆုံးကို ခွဲခြားသတ်မှတ်ပါ

ပထမဆုံးလုပ်ရမည်မှာ နေ့စဉ်လုပ်ကိုင်ရမည့် ကိစ္စများကို အရေးကြီးအဆင့် သတ်မှတ်ပေးခြင်း ဖြစ်သည်။ အမြန်ဆုံးနှင့်အကျိုးအရှိဆုံးဖြစ်မည့်ကိစ္စကို ပထမဦးဆုံး ရွေးချယ်ရမည်ဖြစ်သည်။ ရှေးဦးဆုံး အနေဖြင့် ပြီးခဲ့သောတစ်ပတ်တာအတွင်း မည်သည့် ကိစ္စများကို ဆောင်ရွက်ခဲ့သလဲဟု ကိုယ့်ဘာသာ မေးခွန်းထုတ်ပြီး တစ်နာရီချင်း၊ တစ်မိနစ်ချင်း ချရေးကြည့်ပါ။ ဥပမာအားဖြင့် ဖောက်သည်များနှင့် ဆက်သွယ်ခြင်း၊ ကုန်ပို့ခြင်း၊ အရောင်းအဝယ်စကားပြောခြင်း၊ စာရင်းများရေးဆွဲရခြင်း၊ ဖုန်းနှင့်ဖေ့ဘွတ်ကဲ့သို့ Social Media များကို လုပ်ငန်းနှင့်မသက်ဆိုင်သည့်ကိစ္စများ၊ လူမှုရေးကိစ္စများအတွက် သုံးခြင်းတို့ကို အချိန်မည်မျှစီပေးသည်ကို ပြန်မှတ်ကြည့်ပါ။ ထိုစာရင်းထဲမှ မည်သည့်အရာက ပိုက်ဆံဖြစ်စေသလဲ၊ ဖောက်သည်တိုးစေသလဲ စသည်ဖြင့် သုံးသပ်ကြည့်ရမည်ဖြစ်သည်။ ချက်ချင်းလုပ်သင့်သည့်ကိစ္စနှင့် ချက်ချင်းလုပ်ရန်မလိုသည့်ကိစ္စဟုနှစ်မျိုးခွဲပါ။ ချက်ချင်းလုပ်ရန်လိုသည့်ကိစ္စကို အရေးကြီးဆောင်ရွက်ရန်နှင့် အရေးအလွန်မကြီးဆောင်ရွက်ရန်ဟု ထပ်ခွဲပါ။ ချက်ချင်းမလိုသည့်ကိစ္စကိုလည်း အရေးကြီး ဆောင်ရွက်ရန်နှင့် အရေးသိပ်မကြီးဟု ထပ်ခွဲပါ။ ထိုလေးမျိုးတွင် ချက်ချင်းလုပ်ရန်လည်း လိုအပ်ပြီး အရေးလည်းကြီးသည့်ကိစ္စများကို အရင်ဆုံး လုပ်ကိုင်ပေးရမည်။ ချက်ချင်းလုပ်ရန် လိုအပ်သော်လည်း အရေးအလွန်မကြီးဘဲ ကိုယ်တိုင်လုပ်ရန်မလိုအပ်သည့်ကိစ္စများကို အခြားသူများကိုအပ်နှံပြီး လုပ်ကိုင်ခိုင်းပါ။ ဥပမာအားဖြင့် ဖုန်းခေါ်ရမည့်အလုပ်မျိုးကို ကိုယ်တိုင်မလုပ်ဘဲ အခြားတစ်ဦးကို ဆက်ခိုင်းခြင်းမျိုး၊ အစည်းအဝေးနှစ်ခုစုံနေလျှင် အရေးကြီးပြီး ကိုယ်တိုင်တက်သင့်သည်ကိုတက်ပြီး အခြားအစည်းအဝေးတစ်ခုကို ကိုယ်စားတက်ခိုင်းခြင်းမျိုးဖြစ်သည်။ ထိုသို့အခြားသူများကို အပ်နှံလုပ်ကိုင်စေခြင်းမျိုး မလုပ်နိုင်ပါက ကိုယ်တိုင်လည်း မလုပ်နိုင်ကြောင်း အချို့ကိစ္စများကို ငြင်းပယ်ရန်လိုအပ်သည်။ အလျင်အမြန် ချက်ချင်းဆောင်ရွက်ရန် မလိုသော်လည်း အရေးကြီးပြီး လုပ်ငန်းအတွက် အရေးပါသည့်ကိစ္စမျိုးကို ဒုတိယဦးစားပေးအဖြစ် စုစည်းစီစဉ်ထားပြီး အချိန်ပေးလုပ်ရမည်။ ချက်ချင်းလုပ်ရန်လည်း မလိုအပ်၊ အရေးလည်းမကြီးသည့်ကိစ္စများကိုမူ လုံးဝမလုပ်ဘဲ ထားရမည်ဖြစ်သည်။ ထိုသို့ ခွဲခြားမထားဘဲ အလုပ်ရှိသမျှကို ကိုယ်တိုင်လုပ်ကိုင်သည့်အခါတွင် အချိန်မလောက်သကဲ့သို့ အလုပ်လည်းမပြီးဘဲ စိတ်ဖိစီးမှုကို ဖြစ်စေသည်။

နည်းပညာသုံးပါ

ယခုခေတ်တွင် နည်းပညာများတိုးတက်လာသည်ကို လိုက်မီအောင်ကြိုးစားပြီး နည်းပညာများကို သုံးစွဲခြင်းဖြင့် အချိန်ကုန်သက်သာစေသည်။ ဖောက်သည်များနှင့် ဆက်သွယ်ခြင်းကို အလိုအလျောက် မေးများပို့ခြင်း၊ Viber ကဲ့သို့ နည်းလမ်းဖြင့် ပို့ခြင်း၊ ငွေသွင်းငွေပေးခြင်းများကို Mobile Banking ကဲ့သို့ နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းတို့သည် အချိန်ကုန်များစွာသက်သာစေသည်။ ထို့ပြင် ကြော်ငြာဒီဇိုင်းရေးဆွဲခြင်းကဲ့သို့ လုပ်ငန်းများကို အခြားသူများနှင့် AI ကိုသုံး၍ လုပ်ဆောင်ခြင်းမျိုးဆောင်ရွက်နိုင်သည်။ အစည်းအဝေးများကို တက်ရောက်ရာတွင်လည်းကောင်း၊ ကိုယ့်လုပ်ငန်းတွင် အစည်းအဝေးလုပ်သည့်အခါမျိုးတွင်လည်းကောင်း မလိုအပ်ဘဲ စကားများစွာပြောပြ၍ အချိန်ကုန်ခြင်းမျိုးကိုလည်း ရှောင်ရှားသင့်သည်။ အစည်းအဝေးများကို တတ်နိုင်သမျှ အွန်လိုင်းအစည်းအဝေးမျိုးကို ပြုလုပ်သင့်သည်။

မလုပ်ရန် စာရင်းလုပ်ထားပါ

များသောအားဖြင့် လုပ်ရန်စာရင်း To-Do-List သာလုပ်တတ်ကြပြီး မလုပ်ရန်စာရင်း Not-To-Do-List ဟူ၍ မလုပ်ထားတတ်ပေ။ အလိုအလျောက် ရှောင်ကြဉ်သင့်သည်ကို ရှောင်ကြဉ်ခြင်းမျိုးသာလုပ်တတ်ကြပြီး နေ့စဉ်လုပ်တတ်သည့် အကြောင်းကိစ္စအမျိုးမျိုးမှ မလုပ်သင့်သောအလုပ်များကို စာရင်းလုပ်မထားတတ်ကြပေ။ ထို့ကြောင့် အချိန်ဖြုန်းခြင်းမဖြစ်စေရန် အလုပ်အမျိုးမျိုးကို စာရင်းရေးမှတ်ပြီး ရှောင်ကြဉ်ရန် သို့မဟုတ် မလုပ်ရန် လိုအပ်သည်။ ဥပမာ – အလုပ်ချိန်တွင် Social Media များမလုပ်ရန်၊ အလုပ်ချိန်အတွင်း အရက်မသောက်ရန်၊ နေ့ခင်းထမင်းစားချိန်ထက်ကျော်၍ အချိန်မယူရန်၊ မိသားစု၊ ဇနီး သို့မဟုတ် ချစ်သူနှင့် အလုပ်ချိန်တွင် မလိုအပ်ဘဲ ဖုန်းမဆက်သွယ်ရန် စသည်တို့ကိုစာရင်းဖြင့် ရှောင်ရန်များ ရေးထားရမည်ဖြစ်သည်။ အမှန်တကယ်လည်း ရှောင်ရန်လိုအပ်သည်။ ရှောင်ရန်လိုအပ်သည့်ကိစ္စများကို လုပ်မိနေပြီး အမှန်လုပ်ရမည့်ကိစ္စများကို မလုပ်မိခြင်းမျိုးကို လုပ်မိနေပါက အချိန်ဆွဲသည့်အလေ့ ဖြစ်လာနေပြီဆိုသည်ကို သတိပြုပြီး မိမိကိုယ်ကို ပြင်ဆင်ရမည်ဖြစ်သည်။

အချိန်ဆွဲခြင်းရှောင်

အချိန်ကို စီမံခန့်ခွဲရာတွင် ဆောင်ရန်များရှိသကဲ့သို့ ရှောင်ရန်များကိုလည်း အတိအကျရှောင်လျှင် အချိန်စီမံခန့်ခွဲမှုကို လုပ်ကိုင်ရာတွင် ပိုမိုအောင်မြင်နိုင်သည်။ ပျင်းရိခြင်းနှင့် အချိန်ဆွဲခြင်းနှစ်မျိုးသည် အချိန်ကို ကောင်းစွာအသုံးချလိုသူအတွက် ရန်သူများပင်ဖြစ်သည်။ ယနေ့မလုပ်သေးပါဘူး၊ အချိန်ရှိပါသေးတယ်ဟု လုပ်သင့်ပါလျက် အချိန်ဆွဲသည့်အခါ အလုပ်များသည် တဖြည်းဖြည်းစုပုံလာပြီး နောင်တွင်မယုံနိုင်လောက်အောင် အလုပ်များစုပုံလာမည်ဖြစ်သည်။ ထိုသူများသည် အချိန်ကိုမလေးစားသူ၊ သူ့အချိန်နှင့်သူမလုပ်ကိုင်နိုင်သူ၊ ဂတိမတည်သူ စသည်ဖြင့် နာမည်ဆိုးရရှိလာပြီး အလုပ်ကိုထိခိုက်စေမည်ဖြစ်သည်။ ရပါသေးတယ်ဟုဆိုပြီး အချိန်ဆွဲခြင်းမျိုးသည် လုပ်ငန်းကို ထိခိုက်မှုအလွန်များနိုင်သဖြင့် ကြီးပွားတိုးတက်လိုသူတစ်ဦးအတွက် အချိန်ဆွဲခြင်းကို လုံးဝ ရှောင်ကြဉ်သင့်သည်။

ကျွန်တော်တို့သည် လုပ်ငန်းများကို လုပ်ကိုင်ရင်းမကြာခဏဆိုသကဲ့သို့ အချိန်ဆွဲမိခြင်း၊ သေချာတိကျမှု မရှိခြင်းကြောင့် နောက်တစ်ကြိမ်ပြုလုပ်ရခြင်း၊ ချိန်းဆိုသည့်အချိန်တွင် ပြီးစီးအောင်မဆောင်ရွက်နိုင်ခြင်း စသည့်အချက်များကို ရှောင်ခြင်းဖြင့် အလိုအလျောက် အချိန်လေးစားသူ၊ အချိန်ကိုစီမံခန့်ခွဲနိုင်သူတစ်ဦးဖြစ်လာမည်ဖြစ်သည်။ လုပ်ရန်စာရင်းနှင့် မလုပ်ရန်စာရင်းများကို ကိုယ်တိုင်ရေးဆွဲထားပြီး လုပ်သင့်သည်ကို အချိန်မီလုပ်၍ မလုပ်သင့်သည်များ၊ အချိန်ဆွဲခြင်းများကို ရှောင်ရှားနိုင်ပါက လုပ်ငန်းတွင် အချိန်မရှိဟု ပြောရန်မလိုသည့်အချိန်ကို ကောင်းစွာ စီမံခန့်ခွဲနိုင်ပြီး လုပ်ငန်းများကိုလည်း ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်မည်ဖြစ်သည်။ အဓိကအားဖြင့် ဦးစားပေးစနစ်မျိုးဖြင့် အချိန်ကိုစီမံခန့်ခွဲပြီး လုပ်ငန်းကိုတိုးချဲ့ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၃၃၇ ဧက စိုက်ပျိုးမည်

ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်း အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၃၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၁၃၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာ ဧက ၃၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေး အတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ဝေါမြို့နယ် တောစွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ဝေါ အောက်တိုဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သဘောဝကန် ကျေးရွာအုပ်စု တောစွန်းကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း မမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက တောစွန်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများနှင့် လုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် ပညာအရည်အချင်းသတ်မှတ်ချက်များ၊ ထမ်းဆောင်ရမည့်တာဝန်များ၊ ခံစားခွင့်များ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင် ရွေးချယ်ပုံ နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ရွေးချယ်ပုံနှင့်အညီ ကော်မတီဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကိုညို

အကာနှင့်အနှစ်

- လူ့ပြည်လူ့ရွာ လူတို့မှာကား
ဥစ္စာဓန ရှာဖွေကြလို့
ပြည့်ဝစိန်ရွှေ အိမ်ခြံမြေနှင့်
တစ်ထွေစီးပွား တိုက်နှင့်ကားတို့
ပွားများချမ်းသာ တိုးတက်ပါလည်း
ဘယ်မှာမပြည့် လိုသရွေ့သာ
အင္ဂေ့ပမာ ဥအကာသို့
ချမ်းသာစီးပွား ဖုံးအုပ်ထားကာ
မြင်မှားအသိ လွဲမှားကြည့်၍
အရှိဗလာ ထိုဥစ္စာ။

- ဒါနသီလ ပြုလုပ်ကြ၍
နေ့ညမပြတ် တရားမှတ်ကာ
လယ်လတ်လမ်းစဉ် တရားယှဉ်၍
ကိုယ်တွင်ရှုကြည့် တွေ့အသိကို
သတိကောင်းစွာ မှတ်သညာက
ခန္ဓာဥာဏ်ရောက် အလင်းပေါက်အောင်
ထိုးဖောက်ဖွေရှာ ဝိပဿနာ။

- ဘဝနာတရား နေ့စဉ်ပွားကာ
မိုက်မှားမှုရှောင် ကောင်းမှုဆောင်ကာ
ပူလောင်ခရီး ဆယ့်တစ်မီးကို
ရှောင်ပြီးဖယ်ခွာ ရှိလေပါမှ
ခန္ဓာဥာဏ်ရောက် အလင်းပေါက်၍
ပြီးမြောက်သေချာ ဘဝတာဝယ်
အကာအနှစ် ယှဉ်ကာဖြစ်သော်
စင်စစ်မမှား အနှစ်များကို
ခွဲခြားတတ်စေ မလွဲစေဖို့။ ။

ပန်းမာလာ

ရေနံချောင်းမြို့နယ် ရုံးဆိပ်(တောင်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ရေနံချောင်း အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရုံးဆိပ်ကျေးရွာအုပ်စု ရုံးဆိပ်(တောင်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် အတူ ရုံးဆိပ်(တောင်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေး လိုအပ်သည်များ မှာကြားခဲ့သည်။

ရုံးဆိပ်(တောင်)ကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၄ ဒသမ ၇၅ သန်း အသုံးပြု၍ Dears Brain ကုမ္ပဏီက ဇွန်လတတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး

နိုင်ငံတကာ သတင်းများ

ပြင်သစ်သမ္မတမက်ခရွန်က လီကော်နူးအား ဝန်ကြီးချုပ်သစ်အဖြစ် ပြန်လည်ရွေးချယ်

ပဲရစ် အောက်တိုဘာ ၁၁

ပြီးခဲ့သည့်ရက်ပိုင်းက ရာထူးမှနုတ်ထွက်စာတင်သွင်းထားသော ဝန်ကြီးချုပ် ဆီဘက်ရှန်လီကော်နူးအား ပြင်သစ်ဝန်ကြီးချုပ်သစ်အဖြစ် သမ္မတ မက်ခရွန်က အောက်တိုဘာ ၁၀ ရက်တွင် ပြန်လည်ရွေးချယ်ထားကြောင်း သိရသည်။

ရာထူးမှနုတ်ထွက်စာတင်ထားသည့် ဝန်ကြီးချုပ် ဆီဘက်ရှန် လီကော်နူးအား ဝန်ကြီးချုပ်အဖြစ် သမ္မတမက်ခရွန်က ပြန်လည်ခန့်အပ်ခဲ့မှုကြောင့် အတိုက်အခံ နိုင်ငံရေးအင်အားစုများက မကျေမနပ်ဖြစ်ခဲ့ကြရသည်။

သို့ရာတွင် ဝန်ကြီးချုပ် လီကော်နူးအနေဖြင့် ၂၀၂၆ ခုနှစ် အစိုးရအသုံးစရိတ်ကို အတည်ပြုနိုင်ရေးအတွက် လွှတ်တော်၏ ထောက်ခံမှုရယူနိုင်မည်ဟု သမ္မတမက်ခရွန်က မျှော်လင့်ထားဆဲဖြစ်သည်။

သမ္မတမက်ခရွန်၏ ဆုံးဖြတ်ချက်ကြောင့် ဆီဘက်ရှန်လီကော်နူးသည် ပြင်သစ်နိုင်ငံအတွက် နှစ်နှစ်မပြည့်မီကာလအတွင်း ဆဋ္ဌမမြောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်း ပြင်သစ်သမ္မတမက်ခရွန်က လွှတ်တော်ရွေးကောက်ပွဲများကို သတ်မှတ်ချိန်ထက်စော၍ ကျင်းပပေးခဲ့ပြီးနောက် ပြင်သစ်နိုင်ငံ၌ နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး နိုင်ငံရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

သမ္မတ မက်ခရွန်အနေဖြင့် လွှတ်တော်ရွေးကောက်ပွဲသစ်များ ကျင်းပပေးရန် သို့မဟုတ် ရာထူးမှနုတ်ထွက်ပေးရန် အတိုက်အခံအင်အားစုများက တောင်းဆိုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

အလုပ်သမားပါတီ နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲ ကျင်းပ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် တက်ရောက်

ပြုံယမ်း အောက်တိုဘာ ၁၁

လက်ရှိအာဏာရအလုပ်သမားပါတီ၏ နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲကို မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်သမားပါတီ ဖွဲ့စည်းတည်ထောင်မှု နှစ် ၈၀ ပြည့် အထိမ်းအမှတ် စစ်ရေးပြချီတက်ပွဲကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စစ်ရေးပြချီတက်ပွဲတွင် မြောက်ကိုရီးယားတပ်မတော်သည် ဟွာဆောင် ၂၀ အမည်ရှိ တိုက်ချင်းပစ် ဒုံးကျည်သစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

ၸင်းတိုက်ချင်းပစ်ဒုံးကျည်သစ်ကို မြောက်ကိုရီးယားနိုင်ငံ၏ အားအကောင်းဆုံး မဟာဗျူဟာမြောက် နျူကလီးယား လက်နက်အဖြစ် ကေစီအင်နမ်အေ သတင်းဌာနက ကြေညာထားသည်။

ဟွာဆောင်အမျိုးအစား တိုက်ချင်းပစ် ဒုံးကျည်သစ်များသည် အမေရိကန် နိုင်ငံအတွင်းရှိ မည်သည့်နေရာမျိုးကိုမဆို ရောက်ရှိနိုင်ကြောင်း သိရသည်။

မြောက်ကိုရီးယား အလုပ်သမားပါတီ နှစ် ၈၀ ပြည့် စစ်ရေးပြချီတက်ပွဲသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အပါအဝင် တရုတ်နိုင်ငံ ဝန်ကြီးချုပ် လီချန်း၊ ဗီယက်နမ် ကွန်မြူနစ်ပါတီ အကြီးအကဲ တိုလမ်း၊ ရုရှားအမျိုးသားလုံခြုံရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒီမီထရီ မက်ဗီဒက်တို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **Ref : RT**

Trs : KKO

အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့ ဆက်ဆံရေးပိုမိုတင်းမာမှုကို စိုးရိမ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီပြောကြား

နယူးယောက် အောက်တိုဘာ ၁၁

အမေရိကန်နိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့ကြား ဆက်ဆံရေးပိုမိုတင်းမာလာမှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အောက်တိုဘာ ၁၀ ရက် လုံခြုံရေးကောင်စီ အစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗာဆီလီ နီဘန်ဇီယာက ဗင်နီဇွဲလားကမ်းလွန်၌ မူးယစ်ဆေးတင်ရေယာဉ်များအဖြစ် ယူဆရသော ရေယာဉ်များကို အမေရိကန်နိုင်ငံက တိုက်ခိုက်နေမှုကို ဝေဖန်ခဲ့သည်။

အလားတူ အမေရိကန်နိုင်ငံ၏ မဟာမိတ် ပြင်သစ်၊ ဂရိ၊ ဒိန်းမတ်နိုင်ငံအပါအဝင် အခြားလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများကလည်း တင်းမာမှုများ လျှော့ချရေးအတွက် တွေ့ဆုံဆွေးနွေးရန် အမေရိကန်နိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့ကို တိုက်တွန်းထားသည်။

အမေရိကန်အစိုးရ အနေဖြင့် ဗင်နီဇွဲလား ကမ်းလွန်ရေပြင်၌ မူးယစ်ဆေးဝါးတင် ရေယာဉ်များ အဖြစ် ယူဆရသော ရေယာဉ်များကို အစစ်အဆေးမရှိ တိုက်ခိုက်နေကြောင်း ရုရှားသံအမတ်ကြီးက ဝေဖန်ခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံသည် မကြာသေးမီ ကာလအတွင်းက လည်း ဗင်နီဇွဲလားကမ်းလွန်ရေပြင်၌ မူးယစ်ဆေးဝါးတင်ရေယာဉ် အဖြစ် ယူဆရသည့်ရေယာဉ်များကို ဆက်တိုက်ဆိုသကဲ့သို့ တိုက်ခိုက်ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ အပါအဝင် လက်တင်အမေရိက နိုင်ငံများမှ မူးယစ်မှောင်ခိုဂိုဏ်းများကိုဖြိုခွင်း၍ အမေရိကန်နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးဝင်ရောက်မှုကို တားဆီးမည်ဖြစ်ကြောင်း သမ္မတဒေါနယ် ထရမ့်က ပြောကြားထားကြောင်း သိရသည်။ **Ref : RT**

Trs : KKO

အမေရိကန် ခဲယမ်းမီးကျောက် ထုတ်လုပ်ရေးစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား လူ ၁၆ ဦး ပျောက်ဆုံးနေ

နယူးယောက် အောက်တိုဘာ ၁၁

အမေရိကန်နိုင်ငံ တန်နက်ဆီပြည်နယ်ရှိ ခဲယမ်းမီးကျောက်စက်ရုံတစ်ရုံ၌ အောက်တိုဘာ ၁၀ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၆ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ခဲယမ်းမီးကျောက်စက်ရုံသည် နက်ရှ်ဗီးမြို့အနောက်ဘက် မိုင် ၆၀ ခန့် အကွာတွင်တည်ရှိပြီး ပေါက်ကွဲမှုကြောင့် အဆောက်အအုံတစ်ခုလုံး ပျက်စီးခဲ့ကာ ပေါက်ကွဲမှုတုန်ခါလှိုင်းကို မိုင်ပေါင်းများစွာအကွာကပင် ခံစားခဲ့ကြရသည်။

ခဲယမ်းမီးကျောက် ထုတ်လုပ်ရေးစက်ရုံ ပေါက်ကွဲမှုအတွင်း ပျောက်ဆုံးသူ ၁၆ ဦးမှာ သေဆုံးခဲ့ဖွယ်ရှိကြောင်း ဟမ်းဖရေးခရိုင် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ခဲယမ်းမီးကျောက် ထုတ်လုပ်ရေးစက်ရုံ ပေါက်ကွဲမှု နောက်ခံအကြောင်းအရင်းကို ဖက်ဒရယ် စုံစမ်းထောက်လှမ်းရေး အေဂျင်စီ (အက်ဖ်ဘီအိုင်)က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ စက်ရုံသည် မြေဧက ၁၃၀၀ ပေါ်တွင် တည်ဆောက်ထားပြီး ထုတ်လုပ်ရေးအလုပ်ရုံ၅ခုနှင့် အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းတစ်ခုတို့ ပါဝင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

နော်ဝေနိုဗယ်ဆုကော်မတီကို ငြိမ်းချမ်းရေးထက် နိုင်ငံရေးကို ဦးစားပေးနေကြောင်း အိမ်ဖြူတော်ဝေဖန်

ဝါရှင်တန် အောက်တိုဘာ ၁၁

နော်ဝေနိုဗယ်ဆုရွေးချယ်ရေးကော်မတီအနေဖြင့် ငြိမ်းချမ်းရေးထက် နိုင်ငံရေးကို ဦးစားပေးနေကြောင်း အမေရိကန် အိမ်ဖြူတော်တာဝန်ရှိသူများက အောက်တိုဘာ ၁၀ ရက်တွင် ဝေဖန်ခဲ့သည်။

၂၀၂၅ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်ကို ရွေးချယ်ရာတွင် နော်ဝေနိုဗယ်ဆု ကော်မတီက အမေရိကန်သမ္မတ ဒေါနယ်ထရမ့်ကိုကျော်၍ ဗင်နီဇွဲလားအမျိုးသမီး အတိုက်အခံခေါင်းဆောင် မာရီယာ ကော်ရီနာ မာချာဒိုအား ရွေးချယ်ခဲ့ပြီးနောက် အိမ်ဖြူတော်တာဝန်ရှိသူများ၏ ဝေဖန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ယခုနှစ်ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်ရွေးချယ်ပုံသည် နော်ဝေနိုဗယ်ဆုရွေးချယ်ရေးကော်မတီအနေဖြင့် ငြိမ်းချမ်းရေးထက် နိုင်ငံရေးအားပိုမိုအလေးပေးနေမှုကို သက်သေပြနေကြောင်း အိမ်ဖြူတော် ပြင်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး စတီဗင်ချောင်းက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာထက်တွင် ရေးသားထားသည်။

သို့ရာတွင် သမ္မတဒေါနယ်ထရမ့်အနေဖြင့် စစ်ပွဲများကို အဆုံးသတ်ရေး၊ ငြိမ်းချမ်းရေးသဘောတူညီချက်များရယူနိုင်ရေး၊ လူ့အသက်များကို ကယ်တင်နိုင်ရေးတို့ကို ဆက်လက် ကြိုးပမ်းမည်ဖြစ်ကြောင်း စတီဗင်ချောင်းက ရေးသားထားသည်။

ယခုနှစ်အတွင်း စစ်ရေးပဋ္ဌိပက္ခအချို့ကို အဆုံးသတ်ပေးနိုင်ခဲ့သော အမေရိကန်သမ္မတဒေါနယ်ထရမ့်မှာ ၂၀၂၅ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုရရှိနိုင်သူအဖြစ် ထင်ကြေးပေးခံရသူဖြစ်သည်။

သို့ရာတွင် အမေရိကန်၏ အဓိကလမ်းစဉ်သည် ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် သတ်မှတ်ထားသည့်စံနှုန်းများနှင့်ဆန့်ကျင်နေမှုကြောင့် သမ္မတ ဒေါနယ်ထရမ့် အနေဖြင့် ငြိမ်းချမ်းရေးနိုဗယ်ဆုကို မရနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားထားပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

SCIENCE AND TECHNOLOGY

ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံပထမအဆင့်ပင်မဒုံးယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းပစ်စင်ဆီသို့ ပို့ဆောင်ထား

ဝါရှင်တန် အောက်တိုဘာ ၁၁

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Glenn ဒုံးပျံပထမအဆင့်ပင်မ ဒုံးယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသ စခန်းပစ်စင်ဆီသို့ အောက်တိုဘာ ၁၀ ရက်က ပို့ဆောင်ထားကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ယခုအောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလအတွင်း အမေရိကန် အမျိုးသားအေဂျင်စီ၏ESCAPADE အင်္ဂါဂြိုဟ်လေ့လာရေး ဂြိုဟ်တု နှစ်စင်းကို New Glenn ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါ မစ်ရှင်အတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် New Glenn ဒုံးပျံပထမအဆင့် ဒုံးယာဉ်ကို ကိပ်ကာနေဗာရယ် အာကာသစခန်းသို့ ပို့ဆောင်ထား ခြင်းဖြစ်သည်။

New Glenn ဒုံးပျံသည် ထိပ်ဖူး အဆင့်ဒုံးယာဉ်ကိုပါ ထည့်ပေါင်းပါက ကိုယ်ထည်အလျား ပေ ၃၂၀ ခန့်ရှိပြီး ပထမအဆင့်ပင်မဒုံးယာဉ် မှာ စပေ့အိတ်၏ ဖယ်လ်ကွန်-၉ ဒုံးပျံပင်မယာဉ်ကဲ့သို့ ပြန်လည် အသုံးပြုနိုင်သော ဒုံးယာဉ်အမျိုး အစားဖြစ်သည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံကို ယခုနှစ် ဇန်နဝါရီလအတွင်း ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့သည်။

နာဆာ၏ ESCAPDE မစ်ရှင်သည် New Glenn ဒုံးပျံအတွက် ဒုတိယမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

မောင့်လစ်မွန်ကြယ်တံခွန်ကို ယခုလကုန်ပိုင်းတွင် ကမ္ဘာမြေပေါ်မှတစ်ဆင့် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည်

ဝါရှင်တန် အောက်တိုဘာ ၁၁

မောင့်လစ်မွန်ကြယ်တံခွန်သည် ကမ္ဘာဂြိုဟ်နှင့် နီးလာသည်နှင့် အမျှ အလင်းအားလည်း ပို၍မြင့် တက်လာခဲ့ရာ ယခုလကုန်ပိုင်းတွင် ၎င်းကြယ်တံခွန်ကို ကမ္ဘာမြေပေါ်မှ တစ်ဆင့် သာမန်မျက်စိဖြင့် တွေ့ မြင်နိုင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။

မောင့်လစ်မွန်ကြယ်တံခွန်ကို အမေရိကန် သိပ္ပံပညာရှင်များက အရီဇိုးနားပြည်နယ်ရှိ မောင့်လစ်မွန်ရေဒီယိုတယ်လီစကုပ်ဖြင့် ယခုနှစ် ဇန်နဝါရီ ၃ ရက်က ရှာဖွေတွေ့ ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင့်လစ်မွန်ကြယ်တံခွန်၏ အလင်းအားသည် ယခုလကုန်ပိုင်းတွင် မဂ္ဂနီကျူ +3 ထိ မြင့်တက်လာမည်ဖြစ်ရာ သာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်မှာပင် မောင့်လစ်မွန်ကြယ်တံခွန်ကို အသေးစားတယ်လီစကုပ်များ၊ အဝေးကြည့်မှန်ပြောင်းများဖြင့် တွေ့မြင်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

မောင့်လစ်မွန်ကြယ်တံခွန်သည် ယခုနှစ် နိုဝင်ဘာ ၈ ရက်တွင် နေကို မိုင်ပေါင်း ၄၉ ဒသမ ၂၅ သန်း အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

မောင့်လစ်မွန်ကြယ်တံခွန်၏ နက္ခတ္တရူပဗေဒအမည်ကို C/2025 A 6 ဟူ၍ အမေရိကန်သိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ဥရောပအာကာသအေဂျင်စီက ပလေတိုအမည်ရှိ အာကာသရေဒီယိုတယ်လီစကုပ် တည်ဆောက်တပ်ဆင်မှုလုပ်ငန်းကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်

ပဲရစ် အောက်တိုဘာ ၁၁

ဥရောပအာကာသအေဂျင်စီ သည် ပလေတိုအမည်ရှိအာကာသ ရေဒီယိုတယ်လီစကုပ် တည် ဆောက်တပ်ဆင်မှု လုပ်ငန်းကို အောက်တိုဘာ ၁၀ ရက်တွင် အပြီးသတ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီ သည် ပလေတိုအာကာသရေဒီယို တယ်လီစကုပ်ကို ၂၀၂၂ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပလေတို အာကာသရေဒီယိုတယ်လီစကုပ် တည်ဆောက်ရေး လုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ်ရာ လွှတ်တင်ရေး အတွက် အရေးကြီးသည့်စမ်းသပ် မှုများကို ကျော်လွှားရမည်ဖြစ် ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် ပလေတို အာကာသ ရေဒီယိုတယ်လီစကုပ် သည် နေအဖွဲ့အစည်းပြင်ပဂြိုဟ် သစ်များကို ရှာဖွေဖော်ထုတ်မည် ဖြစ်ကြောင်း ဥရောပအာကာသ အေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ပလေတို အာကာသရေဒီယို တယ်လီစကုပ်၌ ကင်မရာစနစ် ၂၆ ခု တပ်ဆင်ထားကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီ သည် ပလေတိုအာကာသရေဒီယို တယ်လီစကုပ်ကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် လွှတ်တင်ရန် ရည်ရွယ်ထားကြောင်း ဥရောပအာကာသ အေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

HEALTH

စအိုလမ်းကြောင်းသွေးယိုမှုက အူမကြီးကင်ဆာ ရောဂါ၏ ရှေ့ပြေးလက္ခဏာတစ်ရပ်ဖြစ်နိုင်

နယူးယောက် အောက်တိုဘာ ၁၁

အရွယ်ရောက်သက်လတ်ပိုင်း လူငယ်များ၌ စအိုလမ်းကြောင်း သွေးယိုမှုသည် အူမကြီးကင်ဆာ ရောဂါ၏ ရှေ့ပြေးလက္ခဏာတစ်ရပ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ လူဝစ်ဗီးလ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ အရွယ်ရောက်သူ သက်လတ်ပိုင်း လူငယ်များ၌ စအိုလမ်းကြောင်း သွေးယိုမှု ပြဿနာရှိခဲ့ပါက အူမကြီးကင်ဆာ ဖြစ်နိုင်ခြေ ပုံမှန်ထက် ရှစ်ဆထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၅၀ အောက် လူနာပေါင်း ၄၄၃ ဦးတို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာမှု ရလဒ်များအရ အူမကြီးကင်ဆာ လူနာအများစု သည် စအိုလမ်းကြောင်းသွေးယို ခြင်းကဲ့သို့သော ရှေ့ပြေးလက္ခဏာ များရှိနေခဲ့ကြကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စမ်းသပ် လေ့လာမှုတွင်ပါဝင်ခဲ့သည့် အူမ ကြီးကင်ဆာလူနာများအနက် ၁၃ ရာခိုင်နှုန်းတွင်သာ အူမကြီး ကင်ဆာအတွက် မျိုးဗီဇနောက်ခံ အကြောင်းတရားများရှိနေကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

အားစိုက်ရန်လိုသည့် လေ့ကျင့်ခန်းများကို တစ်ရက်လျှင် ငါးမိနစ်ကြာမျှ နှစ်ကြိမ်ထိ ပြုလုပ်ခြင်းဖြင့် နှလုံးကျန်းမာရေးကို မြှင့်တင်ပေးနိုင်

ကင်ဘာရာ အောက်တိုဘာ ၁၁

အားစိုက်ရန်လိုသည့် လေ့ကျင့် ခန်းများကို တစ်ရက်လျှင် ငါးမိနစ် ကြာမျှ နှစ်ကြိမ်ထိပြုလုပ်ခြင်းဖြင့် နှလုံးကျန်းမာရေးကို မြှင့်တင်ပေး နိုင်ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများတွင် ရေးသား တင်ပြထားသည်။

သြစတြေးလျသုတေသနပညာ ရှင်များဦးဆောင်သော နိုင်ငံတကာ သုတေသနပညာရှင်များ၏ အဆို အရ တစ်ရက်လျှင် နှစ်ကြိမ်ထိ ငါးမိနစ်ကြာလေ့ကျင့်ခန်းများပြု လုပ်ပါက နှလုံးကျန်းမာရေး(CRF) ကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

CRF အဆင့်မြင့်မားပါက နှလုံး ရောဂါများဖြစ်နိုင်ခြေ၊ နှလုံးရုတ် တရက်ဖောက်နိုင်ခြေ၊ နှလုံးကျန်း မာရေးပြဿနာများဖြင့် သေချိန် မတန်ဘဲ သေဆုံးရနိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာချက်ရလဒ်များအရ လေ့ ကားတက်ခြင်း၊ လမ်းအမြန် လျှောက်ခြင်းတို့ကို အချိန်တို ပြုလုပ်ပေးပါက နှလုံးကျန်းမာရေး အတွက် အကျိုးရှိနိုင်ကြောင်း သိရသည်။

အထက်ပါ လေ့ကျင့်ခန်းများ ၏ အကျိုးကျေးဇူးကို အသက် ၁၉ နှစ်နှင့် ၄၄ နှစ်ကြား လူငယ်များ အနေဖြင့် အများဆုံးရရှိတတ် ကြောင်း သုတေသနပညာရှင်များ က ပြောကြားသည်။

လျင်မြန်လွယ်ကူသော လေ့ ကျင့်ခန်းများကို အချိန်တိုအားစိုက် ပြုလုပ်ခြင်းဖြင့် CRF အဆင့်ကို ၄ ဒသမ ၆ ရာခိုင်နှုန်းမှ ၁၇ ရာခိုင် နှုန်းထိ မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

နိုင်ငံတကာ အားကစားသတင်းများ

ပြိုင်ပွဲစုံ ၁၀ ပွဲဆက် ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး အမ်ဘာက်ပီ ဒဏ်ရာရရှိ

ပဲရစ် အောက်တိုဘာ ၁၁

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် အဖြစ် ယနေ့ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် အဇာဘိုင်ဂျန် အသင်းတို့ပွဲစဉ်တွင် ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး အမ်ဘာက်ပီသည် ပြိုင်ပွဲစုံ ၁၀ ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

အမ်ဘာက်ပီသည် ယခုနှစ်အတွင်း ကစားခဲ့သည့် ပြိုင်ပွဲစုံတွင် စက်တင်ဘာလနှင့် ယခုလအတွင်း ကစားခဲ့သည့် ယူကရိန်းအသင်း၊ အိုက်စလန်အသင်း၊ ဆိုစီဒက်အသင်း၊ မာဆေးအသင်း၊ အက်စ်ပန်ညိုအသင်း၊ လီဗန်တေးအသင်း၊ အေတီကိုအသင်း၊ အယ်မက်တီအသင်း၊ ဗီလာရီးရဲလ်အသင်း၊ အဇာဘိုင်ဂန်အသင်းတို့နှင့် ပွဲစဉ်များ၌ ဂိုးသွင်းယူနိုင်ခဲ့သည်။

အဇာဘိုင်ဂျန်အသင်းနှင့် ပွဲစဉ်တွင် ပထမပိုင်း နာကျင်အချိန်ပို ၄၅ မိနစ်ကျော်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဒုတိယပိုင်း ပွဲကစားချိန် ၆၉ မိနစ်တွင် ရာဘီယို့စ်သွင်းယူသည့် ဂိုးကို ဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပြီးနောက် ပွဲကစားချိန် ၈၃ မိနစ်အရောက်တွင် ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော် ကစားသမားသူဗင်နှင့် လူစားလဲခဲ့ရသည်။

လက်ရှိတွင် အမ်ဘာက်ပီ၏ ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး နည်းပြ ဒက်ချမ့်က ဒဏ်ရာကုသမှုများ ပြုလုပ်ရန်အတွက် ပြင်သစ်အသင်း ကစားသမားစာရင်းမှ ထုတ်ပယ်၍ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

Shanghai Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် မျက်ဒဗျက်က ဒီမီနောကို အနိုင်ရရှိ

ပေကျင်း အောက်တိုဘာ ၁၁

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပနေသည့် Shanghai Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရှရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ဩစတြေးလျှတင်းနစ်ကစားသမား ဒီမီနောတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က(၆-၄၊၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း ပုံစံကောင်းရနေသည့် ဒီမီနောကို ပုံစံကောင်းပျောက်ဆုံးနေသည့် မျက်ဒဗျက်က အကောင်းဆုံးဖိအားပေးနိုင်ခဲ့သလို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မျက်ဒဗျက်က "လက်ရှိမှာ ကစားနိုင်တဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး အရမ်းဝမ်းသာပါတယ်။ ခက်ခဲတဲ့ ကာလတွေကို ဖြတ်သန်းခဲ့ရပြီး အခုလိုပုံစံကောင်းရရှိလာတာဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပိုရှိလာစေပါတယ်။ Shanghai Masters တင်းနစ်ပြိုင်ပွဲမတိုင်မီက ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်တွေနဲ့ Shanghai Masters တင်းနစ်ပြိုင်ပွဲမှာ ကစားထားနိုင်တဲ့ စွမ်းဆောင်ရည်တွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် တော်တော်လေးကို ကွာဟချက်ရှိနေပါတယ်။ နောက်တစ်ဆင့်မှာ အခုထက်ပိုကောင်းအောင် ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

မျက်ဒဗျက်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား ရင်ဒက်နက်ချ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

တိုက်စစ်မှူး တိုနေး ပရီးမီးယားလီဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်

ရီယာ့ဒ် အောက်တိုဘာ ၁၁

ဆော်ဒီပရိုလီဂ်ကလပ် အယ်အာလီအသင်း တိုက်စစ်မှူး တိုနေးသည် နည်းပြတူချယ်ရွေးချယ်သည့် အင်္ဂလန်အသင်း လူစာရင်းတွင် ချန်လှပ်ခံရပြီးနောက် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလီဂ်သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။

တိုနေးသည့်ပြီးခဲ့သည့်ဘောလုံးရာသီက ဆော်ဒီပရိုလီဂ်ကလပ် အယ်အာလီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် နည်းပြတူချယ်၏ အင်္ဂလန်

အသင်းလူစာရင်းတွင် ပါဝင်ခွင့်ရခဲ့သော်လည်း ပွဲထွက်ကစားခွင့်မရခဲ့ဘဲ လူစားဝင်ကစားသမားအဖြစ် ကစားခဲ့ရပြီး လက်ရှိယှဉ်ပြိုင်နေသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နည်းပြ တူချယ်၏ လူစာရင်းမှ ချန်လှပ်ခံရသောကြောင့် ကမ္ဘာ့ဖလားတွင် ပြန်လည်ပါဝင်နိုင်ရန်အတွက် ပရီးမီးယားလီဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး တိုနေးသည် တိုက်စစ်ပိုင်းတွင် အဆုံးသတ်ကောင်းမွန်သည့် ကစားသမားဖြစ်သည့်အတွက် နည်းပြတူချယ်နှစ်သက်သည့် ကစားသမားဖြစ်သော်လည်း ၎င်းအနေဖြင့် ဆော်ဒီပရိုလီဂ်မှထွက်ခွာ၍ ဥရောပကလပ်များတွင် ကစားမှသာ အသင်းလူစာရင်းတွင် ရွေးချယ်နိုင်မည်ဖြစ်ကြောင်း နည်းပြတူချယ်က ပြောကြားထားသောကြောင့် တိုနေးက ပရီးမီးယားလီဂ်သို့ ပြန်လည်ပြောင်းရွှေ့ကာ အင်္ဂလန်အသင်းနှင့်အတူ ပါဝင်နိုင်ရန် စိတ်အားထက်သန်နေသည်။

အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူး တိုနေးသည် ၂၀၂၃ ခုနှစ်က အင်္ဂလန်အသင်းအတွက် စတင်ပါဝင်ကစားခွင့်ရခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်မတ်လအတွင်း ကစားခဲ့သည့် ဘယ်လ်ဂျီယံအသင်းနှင့် ပွဲစဉ်တွင် ပထမဆုံးဂိုးရခဲ့ပြီး ၂၀၂၄ ယူရိုပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် ဟယ်ရီကိန်းသွင်းယူသည့် အနိုင်ဂိုးကို ဖန်တီးပေးခဲ့သည့်အပြင် ကွာတားဖိုင်နယ်အဆင့်တွင်လည်း ၎င်း၏ပင်နယ်တီသွင်းဂိုးဖြင့် အသင်းကို နောက်တစ်ဆင့်တက်ရောက်အောင် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

အားကစားသတင်းအတိုအထွာများ

- အာဆင်နယ်အသင်းက ကစားသမားသစ်ခေါ်ယူရန် ငွေကြေးလိုအပ်ချက်အရ လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် တိုက်စစ်မှူးဂျီးဆပ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းဖြင့် ရောင်းချမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- လိုင်လီအသင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၃၉ နှစ်ရှိ တိုက်စစ်မှူး ဂီရော့က လိုင်လီအသင်းတွင် ကစားသမားဘဝ အဆုံးသတ်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းမှထွက်ခွာ၍ စီးရီးအေကလပ်သို့ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်နေသည့် တိုက်စစ်မှူး ဇက်ခ်ဗီးကို ရိုးမားအသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့်တွင် နော်ဝေအသင်း တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး ကိုးဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။ ML

ဂိုးသမားမိုင်ဂနန်ကို ဂျူဗင်တပ်အသင်းက အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူရန်ကြိုးပမ်း

ရောမ အောက်တိုဘာ ၁၁

ဂျူဗင်တပ်အသင်းသည် ဂိုးသမားလိုအပ်ချက်အတွက် ချဲလ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က စိတ်ဝင်စားနေသည့် အေစီမီလန်အသင်းဂိုးသမား မိုင်ဂနန်ကို အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

ဂိုးသမား မိုင်ဂနန်သည် အေစီမီလန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် ရှစ်လသာ ကျန်ရှိတော့ပြီး အေစီမီလန်အသင်းက သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်နေသော်လည်း သဘောတူညီမှုမရဘဲ ကြန့်ကြာနေသောကြောင့် ဂျူဗင်တပ်အသင်းက ၎င်းကို အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

သို့သော် စီးရီးအေပြိုင်ပွဲ၏ အကောင်းဆုံး ဂိုးသမားတစ်ဦးဖြစ်သည့် ဂိုးသမားမိုင်ဂနန်အား ချဲလ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ကလည်း ခေါ်ယူရန်ကြိုးပမ်းလာသောကြောင့် ဂျူဗင်တပ်အသင်းက လက်ဦးမှုရယူနိုင်ရန် စီစဉ်နေပြီး ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၀ ရှိ ဂိုးသမား မိုင်ဂနန်ကို အေစီမီလန်အသင်းက ဆက်လက်ထိန်းသိမ်းရန် အစွမ်းကုန်ပြင်ဆင်နေသော်လည်း ကစားသမားကိုယ်တိုင် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်လိုသောကြောင့် စာချုပ်သစ်ကမ်းလှမ်းမှုကို တုံ့ပြန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ် အသင်းသည် မိုင်ဂနန်ကိုခေါ်ယူပြီးပါက အသင်းမှ ဦးစားပေးဂိုးသမား ဂရီဂိုးရိုကို ရောင်းချကာ မိုင်ဂနန်ကို ပွဲထွက်ခွင့်ပေးသွားမည်ဖြစ်ပြီး စည်းမျဉ်းအရ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့တွင် အကြိုသဘောတူညီမှု ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : AZL

WBC လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်ကို ရွှေ့ဆိုင်းကြောင်း ထုတ်ပြန်ကြေညာ

နယူးယောက် အောက်တိုဘာ ၁၁

WBC လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမား ဆီဘက်စတီယန် သည် စိန်ခေါ်သူ အမေရိကန် လက်ဝှေ့သမား ကိတ်သာမန်း နှင့် အောက်တိုဘာ ၂၅ ရက်တွင် ထိုးသတ်ရန် စီစဉ်ထားသော်လည်း ဆီဘက်စတီယန်သည် လေ့ကျင့်ရေးအစီစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် စိန်ခေါ်ပွဲကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကိတ်သာမန်းသည် WBA စူပါ ဝယ်သာဝိတ်တန်း၊ WBC ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးဖြစ်ပြီး ပက်ကွီအိုအားရှုံးနိမ့်ကာ ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆုံးရှုံးခဲ့ရသူဖြစ်ပြီး ယခုနှစ်တွင် လိုက်မစ်ဒယ်ဝိတ်တန်းသို့ ရွှေ့ပြောင်း လာခဲ့ပြီးနောက် လက်ရှိချန်ပီယံ ဆီဘက်စတီယန်ကို စိန်ခေါ်ခွင့်ရရှိထားသူဖြစ်သည်။

ဆီဘက်စတီယန်၏ Promotion ကုမ္ပဏီဖြစ်သည့် Premier Boxing Champions က "ဆီဘက်စတီယန်ဟာ အောက်တိုဘာ ၂၅ ရက်မှာ ကိတ်သာမန်းနဲ့ လက်ရှိချန်ပီယံကာကွယ်ပွဲစဉ် ထိုးသတ်သွားဖို့ စီစဉ်ထားပေမဲ့ Sparring ယူတဲ့အချိန် မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့အတွက် စိန်ခေါ်ပွဲကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ပါတယ်။ ဒဏ်ရာပြန်သက်သာလာတဲ့အချိန်ပေါ်မူတည်ပြီးတော့ စိန်ခေါ်ပွဲကို ပြန်လည် စီစဉ်ပေးသွားမှာဖြစ်ပါတယ်"ဟု ထုတ်ပြန်ကြေညာခဲ့သည်။



ထို့ပြင် ဒဏ်ရာအခြေအနေနှင့် ပတ်သက်ပြီး မကြာမီ အသေးစိတ် ထုတ်ပြန်သွားမည် ဖြစ်ကြောင်း Premier Boxing Champions က ကြေညာခဲ့ကြောင်း သိရသည်။

Ref : Ring Magazine

Trs : AZL

Baycurrent Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂရေးဆာမန်းနှင့် ရှောင်ဖီလီတို့ ပူးတွဲဦးဆောင်

တိုကျို အောက်တိုဘာ ၁၁

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင်ကျင်းပနေသည့် Baycurrent Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမားများ ဖြစ်ကြသည့် ဂရေးဆာမန်းနှင့် ရှောင်ဖီလီတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်စီဝူ အပါအဝင် ပြိုင်ပွဲဝင် ငါးဦးက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီ လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဂရေးဆာမန်းသည် တတိယနေ့တွင် သတ်မှတ်ရိုက်ချက် အတိုင်းသာ ရိုက်နိုင်ခဲ့သော်လည်း ပထမနေ့နှင့် ဒုတိယနေ့တို့တွင် ရလဒ်ကောင်းများ ရရှိခဲ့ခြင်းကြောင့် တတိယနေ့ပြီးဆုံးချိန်ထိ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရှောင်ဖီလီအနေဖြင့် ပထမနေ့မှလွဲ၍ ဒုတိယနေ့နှင့် တတိယနေ့တို့တွင် ရလဒ်များ တောက်လျှောက် တိုးတက်လာခဲ့ကာ အမှတ်ပေးဇယားကိုဦးဆောင်နေသည့် ဂရေးဆာမန်းကို အမီလိုက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Golf Monthly

Trs : AZL

ကိုဘီမိုင်နူးက ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့်အတွက် နာပိုလီအသင်းထံ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်

ရောမ အောက်တိုဘာ ၁၁

မန်ယူအသင်းလူငယ်ကွင်းလယ် ကစားသမားကိုဘီမိုင်နူးက အသင်းတွင် ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့်အတွက် လာမည့် ဧန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် နာပိုလီအသင်းထံ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေကြောင်း သိရသည်။

ကိုဘီမိုင်နူးသည် အစောပိုင်းနှစ်များက မန်ယူအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ အဓိက ကစားသမားတစ်ဦး အဖြစ်ပါဝင်ခဲ့ပြီး နည်းပြဟောင်း တန်ဟတ် လက်အောက်တွင် ပွဲထွက်ခွင့် ရရှိခဲ့သော်လည်း နည်းပြအာမိုရင် လက်အောက်တွင် ပွဲထွက်ခွင့်မရရှိခဲ့ဘဲ ရုန်းကန်နေရခြင်းဖြစ်သည်။

ကိုဘီမိုင်နူးသည် နည်းပြ အာမိုရင် လက်အောက်တွင် ပွဲကစားခွင့် နည်းပါးနေသည့်အတွက် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အသင်းမှထွက်ခွာရန် ကြိုးပမ်းခဲ့ပြီး ရီးရဲလ်မက်ဒရစ် အသင်းနှင့် သတင်းများထွက်ပါခဲ့သော်လည်း မအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ အာမိုရင်က အသင်းကွင်းလယ်ပိုင်းတွင် ဖာနန်ဒက်၊ ကက်စ်မဲရိုးနှင့် အူဂါတေတို့ကိုသာ အဓိကအသုံးပြုနေပြီး ကိုဘီမိုင်နူးက ၎င်းကို လူစားဝင်ကစားသမား အဖြစ်သာ အသုံးပြုနေသည့် အတွက် အသင်းမှထွက်ခွာရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ကိုဘီမိုင်နူးက လာမည့် ဧန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ကနဦး ရာသီဝက် အငှားစာချုပ်ဖြင့် နာပိုလီအသင်းထံ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : ML

နေရှင်နယ်လီဂ် ယူ-၂၁ ပြိုင်ပွဲတွင် Junior Lion အသင်းနှင့် ဒဂုံစတားအသင်းတို့နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနေရှင်နယ်လီဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂၄) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ Junior Lion အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လီဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂၄) ပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် နေသူရဖြိုး၊ ပွဲချိန် ၄၈ မိနစ်နှင့် ၅၂ မိနစ်တို့တွင် ဖိုးသောကြာတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်း လေ့ကျင့်ရေးကွင်းတွင် Junior Lions အသင်းနှင့် ဒဂုံပေါ့အသင်းတို့ကစားခဲ့ရာ Junior Lion အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Junior Lion အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၃၀ စိုင်းမိုရ်ဟန်၊ မိနစ် ၄၀ တွင် စိုင်းဘိုဘိုကျော်၊ မိနစ် ၅၀ နှင့် မိနစ် ၆၀ တို့တွင် သော်ဇင်ကိုတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

တိုက်စစ်မှူးဗလာဟိုဗစ်ကို ပရီးမီးယားလီဂ် အသင်းများကခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်

လန်ဒန် အောက်တိုဘာ ၁၁

ပရီးမီးယားလီဂ်ထိပ်တန်းကလပ် အသင်းသုံးသင်းက ဂျူဗင်တပ် အသင်းမှထွက်ခွာမည့် တိုက်စစ်ကစားသမား ဗလာဟိုဗစ်ကို ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

ဗလာဟိုဗစ်နှင့် ဂျူဗင်တပ် အသင်းတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီ အစောပိုင်းက ဗလာဟိုဗစ်ကို သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန် ကြိုးပမ်းခဲ့သော်လည်း ဗလာဟိုဗစ်ကိုယ်တိုင်က ငြင်းပယ်ထားခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းက ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွတ်ရနိုင်သည့် အခြေအနေများကြောင့် လာမည့် ဧန်နဝါရီ အပြောင်းအရွှေ့ကာလမှာပင် ရောင်းချရန်ဆုံးဖြတ်ထားသည့် အတွက် မန်ယူအသင်း၊ နယူးကာဆယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းက အသင်းတိုက်စစ်ပိုင်းတွင် ဧက်ခ်ဇီးအနေဖြင့် အနာဂတ်မရမရာဖြစ်နေသည့် အတွက် အစောပိုင်းကတည်းက ဗလာဟိုဗစ်ကို ခေါ်ယူရန်ကြိုးပမ်းနေပြီး နယူးကာဆယ်အသင်းကလည်း လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် အစ်ဆက်နေရာတွင် အစားထိုးနိုင်ရေးအတွက် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

ပျော်ခဲ့ရပါသည် အမိမန္တလေးတက္ကသိုလ်ရင်ခွင်ဆီသို့

ဒေါက်တာသန့်စင်(ရူပဗေဒ)

စာရေးသူ(ဝဲမှ ဒုတိယမြောက်)နှင့် ကျောင်းသားဟောင်းများ။

မန္တလေးတက္ကသိုလ်သည် နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ ၁၉၂၅ ခုနှစ် ဧပြီ ၄ ရက်တွင် မန္တလေး ဥပစာကောလိပ်ကို စတင်ဖွင့်လှစ်ခဲ့သည်။ စတင်ဖွင့်လှစ်ချိန်တွင် ကျောင်းသား ဦးရေ ၃၀ သာရှိသည်။ ၁၉၄၈ ခုနှစ် ဇွန်လတွင် ဥပစာကောလိပ်အဆင့်အတန်းမှ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ပေးနိုင်သော ယူနီဗာစီတီကောလိပ်အဆင့်အတန်းသို့ ရောက်ခဲ့သည်။ ကောလိပ်ကျောင်းအုပ်ကြီးမှာ ဦးကိုလေး MSC (Londom) ဖြစ်သည်။ ၁၉၅၈ ခုနှစ် ဇွန် ၁ ရက်မှစ၍ သီးခြားတက္ကသိုလ်ဖြစ်ခဲ့သည်။ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၃ လမ်းမကြီးထိပ်တည့်တည့်တွင်တည်ရှိပြီး တက္ကသိုလ်ဧရိယာအကျယ်အဝန်း ဧက ၃၀၀ ခန့်ရှိသည်ဟု သိရသည်။

ယခုနှစ် မန္တလေးတက္ကသိုလ် ရာပြည့်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် မန္တလေးတက္ကသိုလ် ပင်မဆောင်ကြီးရှေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မန္တလေးတက္ကသိုလ်ကြီး၏ သမိုင်းကြောင်းအစဉ်အလာကောင်းမွန်မှု၊ ပညာရေးအုတ်မြစ်ခိုင်မာမှု၊ အရည်အသွေးပြည့်ဝမှု၊ အရင်းအမြစ်ကောင်းများနှင့် ဖွဲ့စည်းထားမှုများကြောင့် ရာစုနှစ်တစ်ခုအတွင်းတွင် ပါရဂူဘွဲ့ရရှိသူ ဦးရေ ၂၉၆၀၊ မဟာဘွဲ့ရရှိသူ ၁၁၁၃၉ ဦး၊ မဟာသုတေသနဘွဲ့ရရှိသူ ၁၆၀၇ ဦး၊ ဂုဏ်ထူးဘွဲ့ရရှိသူ ၉၁၇၂ ဦး၊ မဟာဒဿနဘွဲ့ရရှိသူ ၂၃၉ ဦး၊ ရိုးရိုးဘွဲ့ရရှိသူ ၉၆၀၁၂ ဦးနှင့် ဒီပလိုမာရရှိသူ ဦးရေ ၇၀၆၀ တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရကြောင်း" မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ ထို့ကြောင့် အမိတက္ကသိုလ်ကြီးမှ မွေးထုတ်ပေးခဲ့သည့် ကျောင်းသား၊ ကျောင်းသူပေါင်းမှာ တစ်သိန်းကျော်ရှိခဲ့ပြီဖြစ်သည်။

ထို့ကြောင့် မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့်ပွဲတော်ကြီးသို့ မန္တလေးတက္ကသိုလ်ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများသည် မြန်မာပြည်အနှံ့ ရောက်ရှိသည့် နေရာအသီးသီးမှ နှစ် ၁၀၀ ပြည့် ပွဲတော်ကြီးကို ပါဝင်ဆင်နွှဲရန်လာရောက်ခဲ့ကြသည်။ အလွန်ဝေးကွာသောဒေသအသီးသီးတွင် ရောက်ရှိနေကြပြီး ကိုယ့်မိသားစုနှင့်ကိုယ် ဖြစ်နေကြသော်လည်း ရာပြည့်သဘင်ပွဲတော်ကြီးတွင် ပြန်လည်ဆုံတွေ့ကြရန် ပွဲတော်ကြီးမတိုင်မီ လအနည်းငယ်ကပင် ဆက်သွယ်စည်းရုံးနေကြသည်။ ပွဲတော်နေ့တွင် မန္တလေးတက္ကသိုလ်ပင်မဆောင်ကြီးရှေ့၌ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်နေကြရင်း လွမ်းဆွတ်ဖွယ်၊ တမ်းတဖွယ်အတိတ်ကြောင်းများကို ပြောရ၍မပြီးဖြစ်ခဲ့ကြရသည်။ အမိတက္ကသိုလ်ကြီးကတော့ သူ့သားသမီးများ၏ ပြန်လည်တွေ့ဆုံမှုကို ပြုံးပြုံးကြီးကြည့်ကာ ကျေနပ်ဝမ်းသာနေမည်ဖြစ်သည်။ အချို့ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သော်လည်း သတင်းစာများ၊ ဖေ့ဘွတ်များ၊ ယူကျူးများမှလည်းကောင်း၊ သူငယ်ချင်းများ၏ ဆက်သွယ်မှုမျိုးစုံကြောင့်လည်းကောင်း ရောက်ရာနေရာများမှ အမိတက္ကသိုလ်ကြီးကို လွမ်းဆွတ်သတိရနေကြမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ်ကြီး၏ ရာပြည့်ပွဲနှင့်အတူ ဘာသာရပ်အသီးသီး၏ ဆရာကန်တော့ပွဲများ၊ ဘာသာရပ်အလိုက် မိတ်ဆုံစားပွဲများကို ကျင်းပခဲ့ကြသည်။ မန္တလေးမြို့ကြီး၏ ဟိုတယ်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များတွင် လာရောက်တည်းခိုစားသောက်သူများနှင့် စည်ကားနေသည်။ စာရေးသူသည် ၁၉၇၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ် ရူပဗေဒ ပထမနှစ်ကျောင်းသားအဖြစ် စတင်တက်ရောက်ပြီး ၁၉၇၇ ခုနှစ်တွင် သိပ္ပံဘွဲ့၊ ၁၉၈၀ ပြည့်နှစ်တွင် မဟာသိပ္ပံဘွဲ့၊ ၂၀၀၇ ခုနှစ်တွင် ပါရဂူဘွဲ့ရရှိခဲ့သည်။ မန္တလေးတက္ကသိုလ်ရူပဗေဒဌာနမှာပင် ခုနစ်နှစ်ခန့်ဆရာလုပ်ခဲ့သည်။ ယခုအခါ ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန်ဖြင့် ၂၀၁၇ ခုနှစ်တွင် သက်ပြည့်ပင်စင်ယူခဲ့သည်။ ထို့ကြောင့် အမိမန္တလေးတက္ကသိုလ်ကြီး၏ ကျောင်းသားဟောင်းအနေဖြင့်လည်းကောင်း၊ မန္တလေးတက္ကသိုလ် ရူပဗေဒဌာနမှ ကျင်းပပြုလုပ်သည့် ၁၁ ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ အကန်တော့ခံဆရာတစ်ဦး အနေဖြင့်လည်းကောင်း တက်ရောက်ခဲ့သည်။ စာရေးသူနေထိုင်ရာ ရန်ကုန်မြို့မှ အောက်တိုဘာ ၄ ရက်တွင်ထွက်ခွာလာခဲ့ပြီး အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သည့် ရူပဗေဒအာစရိယပူဇော်ပွဲသို့ တက်ရောက်ခဲ့သည်။

နံနက်ပိုင်း မန္တလေးတက္ကသိုလ်ပင်မဆောင်ကြီးရှေ့တွင် သူငယ်ချင်းများနှင့် အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ပင်မဆောင်ကြီးအောက်ထပ်တွင် ခင်းကျင်းပြသထားသည့် မန္တလေးတက္ကသိုလ် ရာပြည့်အမှတ်တရမှတ်တမ်းတင်ပိုစတာများ၊ ပင်မဆောင်ကြီး၏အတွင်းဘက်မှ လှပသည့်လှေကားကြီးနှစ်စင်းဘေးတွင် အလှဆင်ထားသည့် ရာပြည့်အမှတ်တရပွဲစင်များနှင့် ပန်းအလှများရှေ့တွင်လည်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။ ထို့နောက် မိခင်ရူပဗေဒဌာနသို့သွားရောက်ကြသည်။ ရူပဗေဒရှေ့လမ်းမကြီးအဝင်ဝတွင် မန္တလေးတက္ကသိုလ် ရူပဗေဒမိသားစု ၁၁ ကြိမ်မြောက် အာစရိယပူဇော်ပွဲ မုခ်ဦးကြီးက ခမ်းနားထည်ဝါစွာဖြင့် ရူပဗေဒကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများကို ကြိုဆိုနေသည်။ အဝင်ဝတွင် ကျောင်းသားဟောင်းတစ်ဦးက ကြိုဆိုပြီး ဧည့်ခံကျွေးမွေးရာနေရာဆီသို့ ခေါ်ဆောင်သွားသည်။ ထိုနေရာတွင် ကျွန်တော်တို့ကို ပညာသင်ကြားပေးခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများ၊ လုပ်ဖော်ကိုင်ဖက် အငြိမ်းစားယူပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ရူပဗေဒမှ ဆရာ၊ ဆရာမများကို ပျော်ရွှင်ဝမ်းမြောက်စွာတွေ့ကြရသည်။ ဆရာကန်တော့ပွဲတက်ရောက်ခွင့်တံဆိပ်ကို ကျောင်းသူတစ်ဦးက ကျွန်တော်၏တိုက်ပုံအက်ျီတွင် လာရောက်တပ်ဆင်ပေးပြီး အမှတ်တရ ဆရာ၊ ဆရာမများ၏ လိပ်စာမှတ်တမ်းစာအုပ်ပါသည့်အိတ်တစ်အိတ်ကို လာရောက်ပေးအပ်သည်။ ထို့နောက် ဌာနက တည်ခင်းဧည့်ခံသောဆီချက်ခေါက်ဆွဲနှင့် လက်ဖက်ရည်တို့ကို သုံးဆောင်ကြပါသည်။

မကြာခင်မှာပင် ကျွန်တော် ရူပဗေဒဘာသာသင်ကြားပေးခဲ့သော တပည့်ဟောင်းများ၊ ကျွန်တော်နှင့်အတူ ရူပဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများ၊ ရူပဗေဒဌာနတွင် သိပ္ပံဘွဲ့အတွက် လေးနှစ်တာပညာသင်ကြားခဲ့စဉ်က တွေ့ဆုံခင်မင်ရင်းနှီးခဲ့ကြသည့် သူငယ်ချင်းများနှင့် စကားလက်ဆုံပြောကြရင်း အမှတ်တရဓာတ်ပုံများရိုက်ဖြစ်သည်။ တပည့်များကလည်း မိမိတို့၏အမည်များ၊ ကျောင်းတက်ရောက်ခဲ့သည့်ခုနှစ်များ စသည်တို့ကို ပြောပြကာ ထိုစဉ်က စာသင်ခဲ့ကြသည့်အတွေ့အကြုံများကို အမှတ်တရပြောနေကြသည်မှာ သတိရစရာများပင်ဖြစ်ခဲ့သည်။ ဌာနရှေ့ပလက်ဖောင်းပေါ်တွင် ရူပဗေဒကျောင်းသားများနှင့် ကလေးငယ်နှစ်ဦးက အိုးစည်ဒိုးပတ်များနှင့်ကြိုဆိုနေကြသည်မှာ မန္တလေး၏ မြန်မာ့ရိုးရာကို ဖော်ပြနေခြင်းဖြစ်သည်။

ဆရာကန်တော့ပွဲစတင်လျှင် 'ရူပဗေဒ' အဖွင့် သီချင်းနှင့် သံပြိုင်သီဆိုကာ ဖွင့်လှစ်ကြသည်။ တက်ရောက်သူအားလုံး စုပေါင်းသီဆိုကြသည်မှာ ရူပဗေဒမိသားစု၏ စည်းလုံးမှုကို ပြသနေသည်။ ဆရာကန်တော့ပွဲတွင် အသက် ၉၃ နှစ် ရှိပြီဖြစ်သည့် ဆရာကြီးဦးတင်ဦးလှိုင်က အဖွင့်မိန့်ခွန်းပြောကြားသည်။ ဆရာကြီး၊ ဆရာမကြီးများကလည်း မိန့်ခွန်းအသီးသီးပြောကြားကြပြီး စုပေါင်းကန်တော့ကြသည်။ အကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးဦးရေ ၁၆၀ ခန့်ရှိသည်။ ဆရာကန်တော့ပွဲအပြီးတွင် ဆရာကြီးများဖြစ်ကြသော ဆရာကြီးဒေါက်တာချစ်ရွှေ၊ ဦးပိုမြင့်၊ ဦးခင်မောင်ကျော်တို့က မောင့်ကျက်သရေခေါင်းပေါင်းကိုယ်စီနှင့် ငွေဖလားကို ပိုက်ကာ ရူပဗေဒ ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေပဒေသာပင်အတွက် ကန်တော့ပွဲကျင်းပရာစင်မြင့်၏ အတွင်းတန်းထိ အလှူခံကြသည်။ ထိုအချိန်တွင် ကျောင်းသားဟောင်းများက "လှူဒါန်းပါဗျို့" သီချင်းဖြင့် သံပြိုင်သီဆိုပေးကြသည်။ ရူပဗေဒ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများက ပျော်ရွှင်ဝမ်းမြောက်စွာ အလှူခံဖလားအတွင်းသို့ အလှူငွေများထည့်ဝင်ကြသည်မှာ ဖလားအပြည့်ပင် ရရှိသည်။

ကန်တော့ပွဲအပြီးတွင် ဌာနရှေ့၌ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူအားလုံးကို ကြက်သားဟင်း၊ ပဲကုလားဟင်းတို့ဖြင့် ကျွေးမွေးကြသည်။ စုပေါင်းစားသောက်နေကြသည်မှာ ပျော်စရာကောင်းလှသည်။ ကျွန်တော်တို့တစ်တွေကို ယခုကဲ့သို့ မိသားစုစိတ်ဓာတ်များရှိစေရန်၊ ရူပဗေဒဘာသာရပ်ကို ချစ်မြတ်နိုးစေရန်၊ ပညာတတ်လူတော်လူကောင်းများဖြစ်စေရန် မွေးထုတ်ပေးခဲ့ကြသည့် ရူပဗေဒပါမောက္ခဆရာကြီး ဦးကျော်မြင့် (ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း))၊ ပါမောက္ခဆရာကြီး ဒေါက်တာမျိုးတင့်၊ ဆရာကြီး ဒေါက်တာလှမြင့်၊ ဒေါက်တာထင်ကျော်၊ ဒေါက်တာစိန်ထွန်း၊ ဒေါက်တာ ဒေါ်စုစု၊ ဒေါ်ရီရီမြ၊ ဒေါက်တာ ညွှန့်လွင် စသည့် ဆရာကြီး၊ ဆရာမကြီးများကို

❖ မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့်ပွဲတော်ကြီးသို့ မန္တလေးတက္ကသိုလ်ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများသည် မြန်မာပြည်အနှံ့ ရောက်ရှိသည့်နေရာအသီးသီးမှ နှစ် ၁၀၀ ပြည့် ပွဲတော်ကြီးကို ပါဝင်ဆင်နွှဲရန်လာရောက်ခဲ့ကြသည်။ အလွန်ဝေးကွာသောဒေသအသီးသီးတွင် ရောက်ရှိနေကြပြီး ကိုယ့်မိသားစုနှင့် ကိုယ်ဖြစ်နေကြသော်လည်း ရာပြည့်သဘင်ပွဲတော်ကြီးတွင် ပြန်လည်ဆုံတွေ့ကြရန် ပွဲတော်ကြီးမတိုင်မီ လအနည်းငယ်ကပင် ဆက်သွယ်စည်းရုံးနေကြသည်။ ❖

ကြားခဲ့ကြသည်။ ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေပဒေသာပင်အတွက် ကန်တော့ပွဲကျင်းပရာစင်မြင့်၏ အတွင်းတန်းထိ အလှူခံကြသည်။ ထိုအချိန်တွင် ကျောင်းသားဟောင်းများက "လှူဒါန်းပါဗျို့" သီချင်းဖြင့် သံပြိုင်သီဆိုပေးကြသည်။ ရူပဗေဒ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများက ပျော်ရွှင်ဝမ်းမြောက်စွာ အလှူခံဖလားအတွင်းသို့ အလှူငွေများထည့်ဝင်ကြသည်မှာ ဖလားအပြည့်ပင် ရရှိသည်။

ကန်တော့ပွဲအပြီးတွင် ဌာနရှေ့၌ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူအားလုံးကို ကြက်သားဟင်း၊ ပဲကုလားဟင်းတို့ဖြင့် ကျွေးမွေးကြသည်။ စုပေါင်းစားသောက်နေကြသည်မှာ ပျော်စရာကောင်းလှသည်။ ကျွန်တော်တို့တစ်တွေကို ယခုကဲ့သို့ မိသားစုစိတ်ဓာတ်များရှိစေရန်၊ ရူပဗေဒဘာသာရပ်ကို ချစ်မြတ်နိုးစေရန်၊ ပညာတတ်လူတော်လူကောင်းများဖြစ်စေရန် မွေးထုတ်ပေးခဲ့ကြသည့် ရူပဗေဒပါမောက္ခဆရာကြီး ဦးကျော်မြင့် (ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း))၊ ပါမောက္ခဆရာကြီး ဒေါက်တာမျိုးတင့်၊ ဆရာကြီး ဒေါက်တာလှမြင့်၊ ဒေါက်တာထင်ကျော်၊ ဒေါက်တာ စိန်ထွန်း၊ ဒေါက်တာ ဒေါ်စုစု၊ ဒေါ်ရီရီမြ၊ ဒေါက်တာ ညွှန့်လွင် စသည့် ဆရာကြီး၊ ဆရာမကြီးများကို

Royal King Film Production က ရိုက်ကူးထုတ်လုပ်မည့် ကျွန်မချစ်သူ သူ့ယောက်ျားဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

Royal King Film Production က ရိုက်ကူးထုတ်လုပ်မည့် ကျွန်မချစ်သူ သူ့ယောက်ျား ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်တွင် အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါကျွန်မချစ်သူ သူ့ယောက်ျား ဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ်ပါဝင်မည့် သရုပ်ဆောင် ထက်ထက်ထွန်းထံမှ သိရသည်။

အဆိုပါ ကျွန်မချစ်သူ သူ့ယောက်ျား ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို စွမ်းပိုင်က ရေးသားထားပြီး စွမ်းပိုင်ကပင် ဒါရိုက်တာအဖြစ် ရိုက်ကူး ပုံဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

"ထက်ထက်နဲ့ အုပ်စိုးခန့်တို့က ဒီဇာတ်လမ်းတွဲမှာ ပထမဆုံး အတွဲအနေနဲ့ ရိုက်ကူးရမဲ့ ကားလို့လဲ ပြောလို့ရပါတယ်။ ကိုညီနန္ဒနဲ့ ယမုံမြင့်မြတ်တို့က သားအဖ ဇာတ်ရုပ်ပေါ့နော်။ ထက်ထက်နဲ့ အုပ်စိုးခန့်တို့က ငွေရေးကြေးရေးကြောင့် ကွဲသွားတဲ့ ဒရာမာဇာတ်လေးပါ။ ပရိသတ်တွေအနေနဲ့ ဒီဇာတ်က ဘယ်လို ပုံစံလေးဖြစ်မလဲဆိုတာ စောင့်မျှော်ကြည့်ပေးစေချင်ပါတယ်"ဟု သရုပ်ဆောင် ထက်ထက်ထွန်းက ပြောပြသည်။

အဆိုပါ ကျွန်မချစ်သူ သူ့ယောက်ျား ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အုပ်စိုးခန့်၊ ညီနန္ဒ၊ မင်းသူ၊ ဘုန်းလျှံ၊ ရှင်ရဲထွဋ်၊ မင်းခေတ်၊ ထက်လင်း၊ ထက်ထက်ထွန်း၊ ယမုံမြင့်မြတ်၊ ဆုပန်ထွာ၊ နှင်းယုဉ်မြင့်မိုရ်၊ ဆွိ၊ သူဇာပွင့်၊ ကြယ်စင်၊ ကလေးသရုပ်ဆောင် တုံတုံစွမ်းပိုင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။

ASH

Ocean's ဇာတ်ကားသစ်၌ မင်းသားဘရက်ဒလေကူးပါး ပါဝင်ဖွယ်ရှိ

နယူးယောက် အောက်တိုဘာ ၁၁

ဝါနာဘရားသားကုမ္ဍဏီ၏ Ocean's ဇာတ်ကားသစ်၌ မင်းသား ဘရက်ဒလေကူးပါး ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသား ဘရက်ဒလေကူးပါးသည် Ocean's ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ဝါနာဘရားသား ကုမ္ဍဏီ တာဝန်ရှိသူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက် ရရှိပြီးပါက မင်းသားဘရက်ဒလေကူးပါးသည် မင်းသမီး မားဂေါ်ရော့ဘီနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါ Ocean's ဇာတ်ကားသည် Ocean's Eleven ဇာတ်ကား၏ ဇာတ်အိမ်ကာလမတိုင်မီ အချိန်ကာလကို နောက်ခံထားရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ Ocean's ဇာတ်ကားသစ်ကို Twisters ဒါရိုက်တာ လီအိုင်ဆက်ချောင်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ရမ္မက်ရုပ်သံဇာတ်လမ်းတွဲ Premiere Show ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

Mahar Application နှင့် Mahar Channel တို့က ထုတ်လွှင့်ပြသနေသည့် ရမ္မက်ရုပ်သံဇာတ်လမ်းတွဲ Premiere Show ပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ Lotte Hotel ၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါရမ္မက်ရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ မယ်မင်းဘုံထံမှ သိရသည်။

အဆိုပါ ရမ္မက်ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို လူညီချောနှင့် ဇာဏ်တို့က ရေးသားထားပြီး သီလံနှင့် ဇာဏ်တို့ကဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မယ်မင်းဘုံက အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ရိုက်ကူးပုံဖော်ထားကြောင်း သိရသည်။

"ဘုံရယ်၊ Mahar ရယ် အောင်သီရိ လက်တွဲတာဆိုရင် ရမ္မက်ကငါးခုမြောက် စီးရီးလဲဖြစ်ပါတယ်။ ဘုံက ဒီဇာတ်ကားက ပရိသတ်တွေ မထင်မှတ်ထားတာလေးတွေ ပါမယ်။ ရမ္မက်ဆိုတဲ့အတိုင်း လောင်မြိုက်ရမဲ့၊ မချိတင်ကဲဖြစ်မဲ့ အရာလေးတွေလဲပါမှာမို့ ပရိသတ်ကို ကြိုပြောထားချင်ပါတယ်။ မိသားစု အချိတ်အဆက်လေး မထင်မှတ်ထားတာလေးတွေ တွေ့ရမှာပါ"ဟု ဒါရိုက်တာ မယ်မင်းဘုံက ပြောပြသည်။

ရမ္မက် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ ထက်အောင်ရှိုင်း၊ အာပူကြူး၊ ဘုဏ်းသွင်၊ အောင်ခိုင်၊ ဦးဝင်းမြိုင်၊ ရှယု၊ ခိုင်နှင်းဝေ၊ ယုသန္တာတင်၊ သွန်းဆက်၊ မေဂရေစ်၊ ဆုအိမ့်စံ၊ သင်းသဲဗို၊ ရွှေပုံ၊ လင်းလက်ခွန်ချို၊ စနိုးစံ၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

The Revenge of La Llorona ဇာတ်ကား၌ မင်းသားဂျေးဟာနန်ဒက်နှင့် မင်းသမီးမိုနိကာရေးမွန့်တို့ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် အောက်တိုဘာ ၁၁

New Line ရုပ်ရှင်၏ The Curse of La Llorona နောက်ဆက်တွဲဇာတ်ကားသစ်တွင် မင်းသား ဂျေးဟာနန်ဒက်နှင့် မင်းသမီးမိုနိကာရေးမွန့်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက် သတင်းများအရ သိရသည်။

ဂျေးဟာနန်ဒက်နှင့် မိုနိကာရေးမွန့်တို့အနေဖြင့် အထက်ပါဇာတ်ကားသစ်တွင် မင်းသား ရေးမွန့်ခရု၏၊ မင်းသမီး အက်ဒီဂါနမ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ၎င်းဇာတ်ကားသစ်ကို The Revenge of La Llorona ဟူ၍ အမည်ပေးထားကြောင်း သိရသည်။

The Revenge of La Llorona ဇာတ်ကားကို ဒါရိုက်တာ စန်တီယေဂိုမင်ဟီနီက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုမူ ဇာတ်ညွှန်းရေးဆရာ ရှောင်ထရက်တာက တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

The Revenge of La Llorona ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ဘက်ဖလိုးမြို့၌ ယခုသီတင်းပတ်အတွင်း စတင်မည်ဖြစ်သည်။

Ref : Russia Today
Trs : KKO

ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် THREE CHALLENGES Collective Art Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် THREE CHALLENGES Collective Art Exhibition ပန်းချီပြပွဲကို ယနေ့မှစတင် ပြသလျက်ရှိကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသထားသည့် ပန်းချီ မိုးညိုထံမှ သိရသည်။

အဆိုပါပြပွဲတွင် နာမည်ရပန်းချီဆရာများဖြစ်သည့် ပန်းချီ ဇော်မောင်(မင်းကွန်း)၊ ဝင်းဖေ၊ ဝင်းဖေမြင့်၊ တင်မောင်ဦး၊ စိန်မြင့်၊ စိုးနိုင်၊ မာလာ၊ မုတ်သုံ၊ မိုးညို၊ မိုးယဉ်(လူရှည်တောင်တန်း)၊ အမ်ပီပီ ရဲမြင့်၊ အမ်တီအောင်၊ မူမူ၊ လွန်းကြွယ်၊ ကံညွန့်၊ ခင်မောင်စံ၊ ခင်မောင်ရင်၊ ဘိုကြီး၊ အာကာမျိုး၊ အေးမြင့်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့်ဖြင့် ရေးဆွဲထားသည့် အကြောင်းအရာစုံ ပန်းချီကား ၁၀၀ ကျော်ကို ယနေ့မှ အောက်တိုဘာ ၁၅ ရက်ထိ ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ THREE CHALLENGES လို့ အမည်ပေးထားတဲ့ Collective Art Exhibition ပန်းချီပြပွဲကို ပြသနေပါတယ်။ ဒီပြပွဲကတော့ ပန်းချီဆရာ အယောက် ၂၀ ရဲ့ မတူညီတဲ့ အကြောင်းအရာ၊ အမျိုးအစား၊ ရေးဟန်တွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီပန်းချီကားတွေကို တော့ Artistic Space Art Gallery က ရွေးချယ်ပေးထားတာပဲ ဖြစ်ပါတယ်။ ပြပွဲကတော့ ဒီနေ့ကနေ အောက်တိုဘာ ၁၅ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှု အားပေးကြပါအုံး"ဟု ပန်းချီ မိုးညိုက ပြောပြသည်။

ပြပွဲတွင် ပြသနေသည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄) လက်မ၊ (၂၄x၂၄) လက်မ၊ (၁၈x၂၄)လက်မ၊ (၁၈x၁၈)လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိရှိကြောင်း ပန်းချီ မိုးညိုက ပြောပြ၍ သိရသည်။

ASH

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, enjoy the contests of the 26th Myanmar Traditional Cultural Performing Arts Competitions

Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy a contest of the 26th Myanmar Traditional Cultural Performing Arts Competitions.

Nay Pyi Taw October 11

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, watched the central level contests of the 26th Myanmar Traditional Cultural Performing Arts Competitions at Hsinbyushin Hall and National Museum in Nay Pyi Taw Taw this afternoon.

Also enjoying the contests together with the Senior General and wife were SSPC member Prime Minister U Nyo Saw and wife,SSPC member Executive Chief U Aung Lin Dway and wife, union ministers, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, deputy ministers, judges, managers, contestants from regions and states, national brethren, performing arts enthusiasts.

First, the Senior General and wife and party watched the region/state-wise basic education level (age 15-20) male Ohsi contests and male Dhobat contests at Hsinbyushin Hall. They enjoyed the beautiful and elegant music and dances staged by the contestants in an attractive way.

They then enjoyed the region/state-wise basic education level (age 15-20) female harp contest, in which contestants played the Hlyatpankhway (Yodaya) song pleasantly and gracefully, at the mini theatre of the National Museum.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, and party watched the competitors of the higher education level (female) piano contests playing a modern song "Manetphan Thomahok Bethawakha" at Yinkyehmu Yadana Hall of the Ministry of Religious Affairs and Culture.

After the competitions, the Senior General and wife cordially greeted the judges of the level-wise contests and contestants.

The 26th Myanmar Traditional Cultural Performing Arts Competitions is been held on a grand-scale at the designated venues type wise with the objectives -- to explore, preserve, and enhance Myanmar's national prestige, integrity, and distinctive cultural heritage; to promote and exemplify the spirit of national solidarity and unity through Myanmar's art; to transmit traditional performing arts to the younger generation; and to function as a national cultural and artistic institution contributing to the State's socioeconomic development. The contestants are taking part in the competitions with their brilliant artistic skills, and the performing arts enthusiasts giving their heartfelt support. 100

Yekyi Township sells 60,000 bags of Pawsan rice to Yangon market in July

Yekyi October 11

Local merchants from Yekyi Township of Ayeyawady Region supplied 60,000 bags of Pawsan rice to Yangon market in August, said Daw Yu Wai, the owner of rice and paddy trading depot in Yekyi Township.

In Yekyi Township, only about 44,000 bags of Pawsan rice were delivered and sold to the Yangon market during July this year. However, from August 1 to 31, the volume increased to around 60,000 bags.

"In the past month, we were able to send a large number of Pawsan rice bags to the Yangon market. Our township mainly supplies farm produce to Yangon. Demand for Pawsan rice from Yangon buyers has risen, which boosted our shipments. For this month as well, there are already arrangements for Yangon buyers to purchase large quantities of Pawsan rice. Compared with other rice varieties, both last month and at present, Pawsan rice has seen the most active trade. We are transporting and selling rice through both road and water routes," said Daw Yu Wai.

During the past month, the price of 100 bags of Pawsan rice delivered from Yekyi Township to Yangon was around K12,500,000. With the improvement in rice sales, farmers, traders, carriers, and truck rental service providers have gained employment opportunities. Kyaw Kyaw Lin

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Nyaungdon Township sells Pakhan paddy variety to Yangon market in August

Farmers putting paddy into bags.

Nyaungdon October 11

Merchants from Nyaungdon Township in Ayeyawady Region sold a large volume of Pakhan paddy variety to Yangon market in August, said Daw San San Win, the owner of rice and paddy trading depot in Nyaungdon Township.

They sent 60,000 baskets of Pakhan paddy in August to Yangon market but 45,000 baskets in July.

During the past month, large quantities of Pakhan paddy have been transported from Nyaungdon Township for sale. The Pakhan paddy supplied from Nyaungdon to the Yangon market is of fairly good quality. The variety exported belongs to the non-premium group.

Due to strong demand from buyers in the Yangon market, exports have increased. At present, paddy prices are also on the rise, with Pakhan paddy seeing particularly high demand in the domestic rice and paddy market, said Daw San San Win.

During the past month, Pakhan paddy exported from Nyaungdon Township to Yangon has fetched prices of up to K1.55 million per 100 baskets. With the growing trade in this variety, farmers, traders, freight workers, and vehicle rental operators are all benefiting from increased employment opportunities.

Kyaw Kyaw Lin

Trump administration begins layoffs on 10th day of gov't shutdown

Washington October 11

The Trump administration announced Friday that federal layoffs had begun, as the federal government shutdown entered its 10th day.

"The RIFs have begun," Russell Vought, White House Office of Management and Budget director, said on social media platform X, referring to "Reduction in Force." The brief post did not disclose the number of employees affected or the specific departments involved.

According to U.S. media reports, this round of federal layoffs could be large in scale and wide in impact, with the U.S. Homeland Security Department, the Health and Human Services Department, and the Treasury Department all planning layoffs.

U.S. President Donald Trump and White House officials repeatedly stated that federal workers would face layoffs if the government shutdown occurs, and they blamed Democrats for the situation. Democratic leaders, however, argued that Republicans were attempting to use federal employees as pawns in this budget dispute, calling it intimidation and threat.

Xinhua

Htigyaing Township to grow more than 3,000 acres of lima bean this year

Htigyaing October 11

Local authorities in Htigyaing Township of Sagaing Region earmarked cultivation of 3,450 acres of lima bean in Htigyaing Township this year, according to the township Agriculture Department.

During the 2025–2026 winter cropping season, 3,450 acres of lima beans are planned for cultivation in Htigyaing Township, with planting scheduled from October to December this year.

"For the coming winter season, Htigyaing Township has set a target of cultivating 3,000 acres of lima beans. We will ensure the target acreage is met. Lima beans are grown only in the winter, and their cultivation has been successful. Since lima beans fetch good prices, farmers prefer to grow them," said U Ko Ko Aung, Head of the Htigyaing Township Department of Agriculture.

During this year's monsoon season, some farmers in Htigyaing cultivated lima beans exclusively, while others grew them as an intercrop to earn additional income.

The Township Department of Agriculture is providing support to farmers who are cultivating various types of beans, including assistance in improving crop yields, promoting the use of quality and pure varieties, and sharing necessary technologies. Farmers are also being trained in natural pesticide preparation and usage, as well as in timely harvesting techniques, to help prevent pest and disease outbreaks.

206

A lima bean plantation in Htigyaing Township.

Displaced Palestinians begin returning to N. Gaza as ceasefire deal takes effect

Gaza October 11

Displaced Palestinians have begun returning from the southern part of the Gaza Strip to the north after the Israeli army announced that civilians are permitted to move through the coastal Rashid Road and Salah al-Din Road, local sources said on Friday.

The movement of civilians came shortly after the ceasefire agreement between Israel and Hamas entered into effect at noon local time, ending two years of conflict that left tens of thousands of people killed and caused widespread destruction across the enclave.

In a statement, the Israel Defense Forces said its forces had redeployed along new lines in accordance with the terms of the agreement and the framework for the return of captives. It added troops under the Southern Command would continue to monitor the situation and respond to any immediate threats to Israel's security.

In a message to Gaza's residents, army spokesperson Avichay Adraee said Israeli troops would remain deployed in specific areas inside the Gaza Strip and warned civilians against approaching military sites "until further notice."

He cautioned civilians to avoid Beit Hanoun, Beit Lahia, and al-Shuja'iyya in the north, as well as Rafah and the Philadelphi Corridor in the south, describing them as high-risk areas. Xinhua

Palestinians walk on road returning to Gaza City, near the central Gaza Strip, Oct. 10, 2025.

Einme Township supplies large volume of 75-day paddy strain to Yangon market in August

Einme October 11

Local traders from Einme Township of Ayeyawady Region shipped 75-day paddy strain to Yangon market in August, said Daw Yi Yi, the owner of rice and paddy trading commodity in Einme Township.

From Einme Township, only about 50,000 baskets of the 75-day paddy variety could be exported to the Yangon market during July this year. In August, exports rose to around 62,000 baskets of the 75-day paddy variety.

"In the past month alone, we exported about 62,000 baskets of 75-day paddy to the Yangon market. From Einme, most of the exports to Yangon are rice, paddy, and other farm products. The 75-day paddy variety belongs to the premium group. Because of strong demand from Yangon buyers, exports increased. Paddy prices are still rising, and Yangon buyers have already made connections to purchase large quantities of the 75-day paddy variety this month as well. Compared to other varieties, the 75-day paddy has been trading more actively both in the past month and at present," said Daw Yi Yi.

It is reported that the 75-day paddy exported from Einme Township to Yangon during the past month has fetched up to K1.545 million per 100 baskets. With stronger trade in this variety, farmers, traders, port workers, and vehicle rental operators are all gaining more job opportunities.

Kyaw Kyaw Lin

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

ဂျာမနီက F127 လေကြောင်းရန်ကာကွယ်ရေး ဖရီးဂိတ်စစ်ရေယာဉ်များအတွက် Raytheon ကုမ္ပဏီထုတ် SPY-6 ရေဒါကို ရွေးချယ်ခဲ့

ဂျာမနီနိုင်ငံသည် F127-အမျိုးအစား လေကြောင်းကာကွယ်ရေး ဖရီးဂိတ်စစ်ရေယာဉ်များအတွက် Raytheon ကုမ္ပဏီထုတ် SPY-6(V)1 ရေဒါကို ရွေးချယ်ခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာလ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤနိုင်ငံခြားစစ်ဘက်ရောင်းချမှုတောင်းဆိုချက်တွင် ရေဒါစနစ်ကို ဖရီးဂိတ်စစ်ရေယာဉ်၏ ဒီဇိုင်းနှင့်ပေါင်းစည်းရန်နှင့် လိုက်လျောညီထွေဖြစ်အောင် ပံ့ပိုးကူညီမှုနှင့် ဝန်ဆောင်မှုများပါဝင်သည်။ အကယ်၍အတည်ပြုနိုင်ခဲ့ပါက၊ ဤသဘောတူညီချက်သည် ဂျာမနီကို SPY-6 ရေဒါစနစ်အတွက် ပထမဆုံးဖောက်သည်နိုင်ငံ ဖြစ်လာစေမည်ဖြစ်ကြောင်း သိရသည်။

Raytheon ကုမ္ပဏီ၊ ရေတပ်စွမ်းအားဌာနဒုတိယ Barbara Borgonovi က "ဂျာမနီရဲ့ SPY-6 ရေဒါကို ရွေးချယ်မှုဟာ ဒီရေဒါရဲ့အဆင့်မြင့်စွမ်းဆောင်ရည်တွေနဲ့ ရေတပ်ကာကွယ်ရေးကို အဆင့်မြှင့်တင်ရာမှာ သူရဲ့အရေးပါတဲ့အခန်းကဏ္ဍအပေါ် ကမ္ဘာလုံးဆိုင်ရာယုံကြည်မှုကို အတည်ပြုလိုက်တာပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

"F127 ဖရီးဂိတ်စစ်ရေယာဉ်တွေမှာ SPYရေဒါစနစ် ပေါင်းစည်းလိုက်ခြင်းဟာ ဂျာမန်ရေတပ်ကို ပင်လယ်ပြင်မှာ ပိုမိုမြန်ဆန်ပြီး ပိုမိုသိရှိနားလည်တဲ့ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို လုပ်ဆောင်နိုင်စေမယ့် လုပ်ငန်းစဉ်ပေါင်းစုံသုံးဖြေရှင်း ချက်ကိုပေးစွမ်းနိုင်မှာပါ" ဟု ၎င်းကဆိုခဲ့သည်။

SPY-6(V)1 ရေဒါတွင် အာရုံခံနေရာ လေးခုပါဝင်ပြီး တစ်ခုချင်းစီတွင် ရေဒါမော်ဂျူးအစိတ်အပိုင်း ၃၇ ခုစီ တပ်ဆင်ထာကာ ၃၆၀ ဒီဂရီ အခြေအနေကြိုတင်သိမြင်နိုင်မှုကို အဆက်မပြတ် ပံ့ပိုးပေးနိုင်ပါသည်။

ဂျာမန်သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများဖြစ်ကြသော NVL Group နှင့် thyssenkrupp Marine Systems ကုမ္ပဏီတို့သည် ၂၀၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည့် F124 Sachsen-class စစ်ရေယာဉ်သုံးစီးကို အစားထိုးရန်အတွက် F127-အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်များကို ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်သည်။ ဤသင်္ဘောအမျိုးအစားသစ်ကို ဂျာမနီ၏ သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီကြီးတစ်ခုဖြစ်သော thyssenkrupp ၏ MEKO A-400 Air & Missile Defense ဖရီးဂိတ်စစ်ရေယာဉ် ဒီဇိုင်းပုံစံ၊စိတ်ကူးစိတ်သန်းကိုအခြေခံမည်ဖြစ်ပြီး Aegis တိုက်ခိုက်ရေးစီမံခန့်ခွဲမှုစနစ်တပ်ဆင်အသုံးပြုထားမည်ဖြစ်သည်။

ဂျာမနီသည် သင်္ဘောငါးစင်းဝယ်ယူရန် စီစဉ်ထားပြီး၊ ဆင္ဒမမြောက်တစ်စင်းအတွက်ရွေးချယ်ခွင့်ရှိကာ၊ နောက်ပိုင်းတွင် စစ်ရေယာဉ်စုကိုရှစ်စင်းအထိ တိုးချဲ့သွားနိုင်ကြောင်း သတင်းများ၌ ဖော်ပြထားသည်။ F127 ဖရီးဂိတ်စစ်ရေယာဉ်သည် ရေယာဉ်အလေးချိန်တန် ၁၀,၀၀၀ ရှိမည်ဖြစ်ပြီး Standard-series လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်များ၊ Naval Strike Missiles (NSM) နှင့် 3SM Tyrfing သင်္ဘောဖျက်ဒုံးကျည်များ၊ ဖြစ်နိုင်ပါက Tomahawk Block V မြေပြင်ပစ်ခရူဇ်ဒုံးကျည်များကိုလည်း သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ စစ်ရေယာဉ်များကို ၂၀၃၀ ပြည့်လွန်နှစ်အလယ်ပိုင်းတွင် တပ်တော်ဝင် အသုံးပြုနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

Germany Selects Raytheon SPY-6 Radar for Future F127 Air Defense Frigates.

အမေရိကန်ကုမ္ပဏီက ရေတပ်သုံးဒရုန်းတစ်စင်းကိုပူးပေါင်းတီထွင်ရန် ယူကရိန်းနှင့်ပူးပေါင်းသဘောတူလက်မှတ်ရေးထိုးခဲ့

အမေရိကန်ကုမ္ပဏီ LeVanta Tech သည် ယူကရိန်းကာကွယ်ရေး စက်မှုလုပ်ငန်းနှင့် လေပေါ်တွင်ပျံသန်းနိုင်ခြင်းနှင့် ရေပေါ်တွင် လုပ်ငန်းလည်ပတ်နိုင်ခြင်းနှစ်မျိုးလုံးစွမ်းဆောင်နိုင်သော ရေတပ်သုံးဒရုန်းတစ်စင်းကို ပူးပေါင်းတီထွင်ရန် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်ဟု The Defense Post သတင်းဌာနက အောက်တိုဘာလ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် LeVanta ၏ ၂၀၂၃ ခုနှစ်တွင် မိတ်ဆက်ခဲ့သော Halia ပင်လယ်မှ ပစ်လွှတ်နိုင်သော ဒရုန်းကို အခြေခံတည်ဆောက်သွားမည်ဖြစ်သည်။ ဤရေတပ်သုံးဒရုန်းများ၏ကြာရှည်ခံနိုင်ရည်ကို မောင်းသူမဲ့လေယာဉ်များ၏အလျင်နှုန်း၊ လှုပ်ရှားစစ်ကစားနိုင်မှုနှင့် လျှို့ဝှက်နိုင်စွမ်းတို့ကိုပေါင်းစပ်အသုံးပြုရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် LeVanta Tech ကုမ္ပဏီ၏အဆိုအရ ပင်လယ်သွားရေယာဉ်ပုံစံ ဒရုန်းများနှင့်မတူဘဲ ဤဒရုန်းသည် လှိုင်းကြမ်းသောပင်လယ်ပြင်မှ ပျံတက်နိုင်ခြင်းနှင့် ဆင်းသက်နိုင်ခြင်းတို့ကို စွမ်းဆောင်နိုင်သည့် အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။ LeVanta Tech ၏ စီအီးအို နှင့် တည်ထောင်သူ Kelly Eccles က "ပျံသန်းတဲ့ဒရုန်းတွေ အများကြီးရှိတယ်။ ရေပေါ်မှာပေါ်နေတဲ့ ဒရုန်းတွေလဲရှိတယ်။ ဒါပေမဲ့ ဒီနှစ်ခုလုံးကို လုပ်ဆောင်နိုင်တဲ့ဒရုန်းကတော့ အလွန်နည်းတယ်။ ဒါက ကျွန်တော်တို့ဖန်တီးနေတဲ့ အရာပါပဲ" ဟု ပြောကြားခဲ့သည်။ ပျံသန်းခြင်းနှင့် ရေပေါ်လုပ်ငန်းလည်ပတ်နိုင်မည့် ဒရုန်း ('Float-and-Fly' Drone)ကို လေကြောင်းမှတစ်ဆင့် ပဋ္ဌိပက္ခဖြစ်နေသောနယ်မြေများသို့ ဝင်ရောက်နိုင်ခြင်း၊ ရေပေါ်သို့ဆင်းသက်နိုင်ခြင်းနှင့် ရေဒါဖြတ်ပိုင်းဇရိယာနည်းပါးစွာဖြင့် ပင်လယ်ပြင်တွင် ရေပေါ်ယာဉ်အဖြစ်လုပ်ငန်းလည်ပတ်နိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သမားရိုးကျလေကြောင်း ပျံသန်းရေးဒရုန်းများ တစ်နည်းအားဖြင့် မောင်းသူမဲ့လေယာဉ်များထက် ပိုမိုကြီးမားသော ပစ္စည်းများ သယ်ဆောင်နိုင်သောစွမ်းရည်ရှိပြီး၊ အချိန်ကြာမြင့်စွာ ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်းတို့အပြင် ကြားခံဆက်သွယ်ရေးများကိုပါ ဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်သည်။ လေကြောင်းမောင်းနှင် ပျံသန်းမှုပုံစံတွင် ကျယ်ပြန့်သောဇရိယာအပေါ် ကင်းထောက်နိုင်ပြီး စိတ်ဝင်စားဖွယ်ရာ ပစ်မှတ်များကို စစ် ဆေးရန် ရေပေါ်ဆင်းသက်နိုင်သည်။ ရေပေါ်ပုံစံတွင်ဒရုန်းသည် စွမ်းအင်ကို ထိန်းသိမ်းထားပြီး အာရုံခံကိရိယာလည်ပတ်မှုနှင့် ဆက်သွယ်ရေးလွှမ်းခြုံနိုင်မှုကို ကြာရှည်စွာလုပ်ဆောင်နိုင်မည်ဖြစ်သည်။

LeVanta Tech မှ ပြသခဲ့သော Halia ဒရုန်းမျိုးစုံသည် မတူညီသောစစ်ဆင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ဒီဇိုင်းထုတ်ထားကြောင်း တွေ့ရပါသည်။ ၎င်းတို့အနက် အသေးဆုံးဖြစ်သည့် Halia-S မော်ဒယ်သည် ဘက်ထရီစွမ်းအင်ကိုအသုံးပြုပြီး၊ အကွာအဝေးမှာ ၂၅၀ မိုင်ထိ စစ်ဆင်နိုင်သည်။ အလယ်အလတ်အရွယ်အစားဖြစ်သော Halia-M သည် Hybrid-Electric စနစ်ကို အသုံးပြုသည့်အပြင် ဂျက်တာဘိုင်ပါဝင်မှုကြောင့် ၎င်း၏စွမ်းဆောင်ရည်သည် သိသိသာသာမြင့်တက်လာသည်။ Halia-M သည် ၁၄၀၀ မှ ၂၀၀၀ မိုင် ထိ စစ်ဆင်နိုင်စွမ်းရှိသည်။ ဒရုန်းများအားလုံးသည် ကီလိုမီတာ၁၀၀ မှ ၁၅၀ knots အကြားအလျင်နှုန်းဖြင့် ပျံသန်းနိုင်ပြီး၊ Halia-S နှင့် Halia-M နှစ်မျိုးလုံးတွင် သယ်ဆောင်နိုင်သောဝန်ပမာဏမှာ ၅၀ မှ ၁၀၀ ပေါင်ဝန်းကျင်သာရှိသည်။ သို့သော် အကြီးဆုံးမော်ဒယ်ဖြစ်သော Halia-X သည် ဂျက်လောင်စာကို အသုံးပြုထားပြီး၊ အများဆုံးအကွာအဝေး ၃၀၀၀ မိုင်ထိ ပျံသန်းနိုင်ကာ၊ သယ်ဆောင်နိုင်သည့်ဝန်ပမာဏမှာလည်း ၂၂၀၀ ပေါင်ထိ ရှိသဖြင့် မဟာဗျူဟာမြောက် ထောက်ပံ့ပို့ဆောင်ရေးနှင့် တိုက်ခိုက်ရေးတာဝန်များအတွက် အဓိကထားထုတ်လုပ်ထားကြောင်း သိရသည်။

US Firm Partners With Ukraine on Innovative Air-and-Water Drone

အားဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၉၂၇၀ စိုက်ပျိုးမည်

ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

ရေဦး အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၉၂၇၀ စိုက်ပျိုးမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ကုလားပဲဧက ၉၂၇၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း ကုလားပဲဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြမည် ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ဧကအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သဖြင့် တောင်သူများ အနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။ (၂၀၆)

ကျုံပျော်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက်ခဝဲသီးများ အောက်တိုဘာလ ပထမပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၄၅၀၀၀ မှ ၅၅၀၀၀ ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ခဝဲသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၈၅၀၀ ထိ စျေးပေါက်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူတာ များနေပါတယ်။ လက်ရှိမှာ တစ်ရက်ကို ခဝဲသီး အလုံးရေ ၄၅၀၀၀ ကနေ ၅၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခုအရောင်းအဝယ် ကောင်းနေတဲ့ ခဝဲသီးတွေက အရည်သွေး ကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ကုန်ကျစရိတ်သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခုလိုဒေသထွက် ခဝဲသီးတွေ ဝယ်ယူအား ကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်၌ လက်ရှိတွင် ခဝဲသီးများအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါခဝဲသီးများ ဝယ်ယူအားကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

မိုးကောင်းမြို့နယ် လွဲဆွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိုးကောင်း အောက်တိုဘာ ၁၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွဲလောကျေးရွာအုပ်စု လွဲဆွန်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း အကြောင်းအရာများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂၄ သိန်း လွဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လွဲဆန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၄၆၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅စ်ဦးကို ငွေကျပ် ၄၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းထံမှ သိရသည်။

ချစ်ဦးကို

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွဲ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

မြန်အောင်မြို့နယ် ဝက်တိုးကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

မြန်အောင် အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်တိုးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းချောင်းကျောက်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ဝက်တိုးကျေးရွာ၌ ကျေးရွာတွင်းချောင်းကျောက်လမ်း ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ချောင်းကျောက်လမ်းကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် ဝက်တိုးကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ၃ ဒသမ ၅ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုကြောင့် ဝက်တိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေများမှထုတ်ကုန်၊ ထွက်ကုန်များကို စျေးကွက်သို့အလွယ်တကူ သယ်ယူ ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ရန်

ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မျူးကြီးမင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှ ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲ အမျိုးသမီးစောင်းတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဧနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားအိုးစည်အတီးပြိုင်ပွဲနှင့် အမျိုးသားဒိုးပတ်ပြိုင်ပွဲတို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အဖွဲ့များက လှပသေသပ်လှသည့် တီးလုံးတီးကွက်များ၊ ကပြသီဆိုမှုများဖြင့် မြူးကြွမြိုင်ဆိုင်စွာယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမျိုးသားပြတိုက် Mini Theatre တွင် ကျင်းပပြုလုပ်လျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးစောင်းတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များက လှပသေသပ်လှသည့် တီးလုံးတီးကွက်များ၊ ကပြသီဆိုမှုများ ပြိုင်ပွဲဝင်များက လျှပ်ပန်းခွေနဲ့(ယိုးဒယား) သီချင်းဖြင့် သာယာနာပျော်ဖွယ်တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဧနီး၊ အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စန္ဒရားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက မနက်ဖြန်(သို့မဟုတ်)ဘယ်သောအခါ(ကာလပေါ်)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ပဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့ နံနက်ပိုင်းတွင် စောင်းအတီးပြိုင်ပွဲကို နေပြည်တော်ရှိ အမျိုးသားပြတိုက် Mini Theatre ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရှုတိုင်းသာစွ(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လျှပ်ပန်းခွေနဲ့(ယိုးဒယား)"သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆီးနှင်းပြိုက်ကြ(ကြိုး)" သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဂီတာအတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အိုလျှံညီးလင်း(ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက်၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စံပယ်(ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက်၁၅ နှစ်မှ ၂၀အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သီလာမြေယံ(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အိုလျှံညီးလင်း(ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂုဏ်မြင့်သူ(ကာလပေါ်)(ပြည်လှဖေ)" သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

အလားတူ စန္ဒရားအတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း)အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချောကလျာ (ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မနက်ဖြန် (သို့မဟုတ်) ဘယ်သောအခါ (ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချောကလျာ (ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် အိုးစည်အတီးပြိုင်ပွဲကို ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ကောင်းမြတ်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်စိုင်းထက်နိုင်နှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်နိုင်းနိုင်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ဇော်နှင့် အဖွဲ့တို့ကလည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဇော်ဟိန်းနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်ရဲလင်းဦးနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မောင်ထက်အာကာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး စန္ဒရားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေးနှင့် နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှတစ်တပ်တစ်အားပူးပေါင်းပါဝင် ဆောင်ရွက်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများ အလိုက်သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမ ပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်မင်းမြတ်စိုးနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်ခင်မောင်လတ်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ခန့်ဇေယျာမင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆိုင်းမင်းထက်(ခ) မြတ်သူအောင်နှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မောင်ဇင်ကိုနိုင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးသူရနှင့်အဖွဲ့တို့က လည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် ဒိုးပတ်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်ဇင်ကိုနိုင်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဇော်ဟိန်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးသူရနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်ရဲလင်းဦးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေလွင်ဖြိုးနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မောင်ထက်အာကာနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်ထက်မိုးအောင်နှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်ခင်မောင်လတ်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ခန့်ဇေယျာမင်းနှင့်အဖွဲ့တို့ကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ကောင်းမြတ်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်ဇင်မင်းထွန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်လွင်ဖြိုးသင်းနှင့်အဖွဲ့တို့ကလည်းကောင်း တီးလုံးတီးကွက်များ၊ အဆိုအပြောများဖြင့် မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ မယ်ဒလင်အတီးပြိုင်ပွဲကို ပုဗ္ဗသီရိခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ(ကြိုး)"သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ(ကြိုး)"သီချင်း

(အသက် ၁၅နှစ်မှ ၂၀အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပွင့်ဦး(ကာလပေါ်)"သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်(ကြိုး)သီချင်းဖြင့်လည်းကောင်း၊အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ(ဘွဲ့)"သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ ပြိုင်ပွဲပဉ္စမနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှအရာရှိကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တပ်မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်မှုများ ယနေ့အောင်မြင်စွာ ကျင်းပပြီးစီးပြီဖြစ်သည့်အတွက် ပြိုင်ပွဲဝင် ဆုရရှိသူများအား ဆုချီးမြှင့်မည့်အခမ်းအနား၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတို့ကို အောက်တိုဘာ ၁၃ ရက်တွင် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ၊ ရုရှား၊ ဘယ်လာရုစ် သုံးနိုင်ငံချစ်ကြည်ရေး ရိုးရာတေးဂီတဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာ၊ ရုရှား၊ ဘယ်လာရုစ် သုံးနိုင်ငံချစ်ကြည်ရေးရိုးရာတေးဂီတ ဖျော်ဖြေပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiyနှင့်တာဝန်ရှိသူများ၊အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အနုပညာရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ယဉ်ကျေးမှုဖလှယ်မှုမှသည် ချစ်ကြည်ရင်းနှီးမှုများဆီသို့ Video Clip ဖွင့်လှစ်ပြသပြီး ရုရှား-မြန်မာချစ်ကြည်ရေး အသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy က မိတ်ဆက်စကားပြောကြားကာ ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေမည့် အနုပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ဖျော်ဖြေပွဲတွင် ဘယ်လာရုစ်အနုပညာရှင်များက "ရုရှားနှင့် ဘယ်လာရုစ်-သွေးရင်းအစ်ကို ညီရင်းနှမ"တေးသီချင်း၊ Belarus and Myanmar တေးသီချင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အရုပ်နဲ့လူ ကကြိုးတူ(သူငယ်တော်အက) ရုပ်သေး၊ "ခေါင်းလောင်းသံ" တေးသီချင်း၊ "ဗော့ဒ်ကာတစ်ခွက်နဲ့ နူတ်ဆက်မယ်" တေးသီချင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အဆိုရှင် စောဒယ်နီရယ်က "ပြိုးတုံ့လှယ်"တေးသီချင်း၊ "မျက်ဝန်း" တေးသီချင်း၊ ရုရှားသံရုံးမှ "လယ်ဘယ်ဒူးရှိကာ"အက၊ မြဝတီတေးဂီတအဖွဲ့က"မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း" တေးသီချင်း၊ "ကျူးလစ်ပန်း"တေးသီချင်း၊ "တို့ရွာနီ" တေးသီချင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ခေတ်ခြောက်ခေတ်အက၊ "ညော်တံစဉ် ကျွန်တော်တံစဉ်"တေးသီချင်း၊ "ကာလင်ကာ"အက၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အဆိုရှင် လဝန်းမေက "မြစ်ရေသွင်သွင်" တေးသီချင်း၊ "မြန်မာ"တေးသီချင်း၊ "သကြီန်"တေးသီချင်း၊ မြဝတီတေးဂီတ အဖွဲ့က "ပြည်ထောင်စုကြီး ထာဝရ တည်တံ့စေသား" တေးသီချင်း၊ ရုရှားသံရုံးမှ "ရီဗာရောနေ့ခ်"တေးသီချင်း၊ "ပုဂံ" တေးသီချင်း၊ "အတူရှိမယ် မြန်မာ" တေးသီချင်း၊ "ကျွန်ပ်တို့ မြန်မာပြည်" တေးသီချင်း၊ "ကာကျူးရှာ"တေးသီချင်း၊ "အမိမြေ"တေးသီချင်း၊ "ပန်းရောင်စုံ" တေးသီချင်းနှင့် "တောင်းဆုခွေ"တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးတို့ကို ဘယ်လာရုစ်တေးဂီတအဖွဲ့ ခေါင်းဆောင် Mr. Alexander Ostrovskiy က ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ကျောက်မဲမြို့မှ

ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျွန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျွန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့လာဘာမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၂၄၃ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၁၅ ဦးတို့ကို လိုအပ်သည့်ကျွန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်မဲမြို့ပေါ်ရှိပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံအတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

ကျောက်မဲမြို့ပြည်သူ့ဆေးရုံကြီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

☆ ကျောဖုံးမှအဆက်

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)

(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃

(၃) ၀၉-၈၈၁၇၁၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀

(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၁၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)

(၁) ၀၁-၃၃၃၁၆၃၅

(၂) ၀၉-၄၂၂၄၄၄၆၆၉

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)

(၁) ၀၉-၈၈၁၄၄၆၈၆

(၂) ၀၉-၈၈၆၈၃၄၃၃

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)

(၁) ၀၅၈-၂၁၁၇၅

(၂) ၀၅၈-၂၃၄၃၂

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)

(၁) ၀၁-၃၃၃၆၆၁၁

(၂) ၀၁-၃၃၃၆၆၂၂

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၃၃၂၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)

(၁) ၀၇၁-၂၀၃၂၀၉၅

(၂) ၀၇၁-၂၀၃၂၀၉၆

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)

(၁) ၀၅၉-၂၀၂၁၂၁

(၂) ၀၅၉-၂၀၂၃၅၅

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(စျ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)

(၁) ၀၅၂-၂၂၂၁၂၆၈

(၂) ၀၅၂-၂၂၀၁၉၉၁

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)

(၁) ၀၆၃-၂၀၂၈၈၈၉

(၂) ၀၆၃-၂၀၂၈၈၉၀

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)

(၁) ၀၂-၄၀၆၉၀၄၂

(၂) ၀၂-၄၀၆၇၃၄

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)

(၁) ၀၅၇-၂၀၂၇၂၅၆

(၂) ၀၅၇-၂၀၂၄၃၉၁

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)

(၁) ၀၉-၄၂၀၇၄၄၂၈

(၂) ၀၉-၄၃၀၉၄၄၅၇

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၀၅၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)

(၁) ၀၁-၂၅၀၆၂၉၃

(၂) ၀၁-၂၃၀၆၂၅၀

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)

(၁) ၀၈၁-၂၁၄၄၉၅၅

(၂) ၀၈၁-၂၁၄၄၅၄၀

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)

(၁) ၀၄၂-၂၄၆၁၆

(၂) ၀၄၂-၂၃၇၈၃

(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီအဆင့်ဆင့်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကြသော တာဝန်ခံဥပဒေအရာရှိများ ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၁၁

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ၌ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ အဆင့်ဆင့်တွင် သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိများက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်အဖြစ် ပါဝင်ကြသော တာဝန်ခံ ဥပဒေအရာရှိများအနေဖြင့် ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများနှင့် ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် မှာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ တရားမျှတမှုရရှိစေရေးသာမက ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နေသော အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို အများပြည်သူက နားလည်သိရှိပြီး ဆောင်ရွက်ချက်များအပေါ် ယုံကြည်အားကိုးမှုရှိစေရေး ရည်မှန်းချက်အတွက် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်ထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် တတိယမြောက် မဟာဗျူဟာစီမံကိန်းကို "ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" ''Building Legal Trust for the People'' ဟူသည့် ဆောင်ပုဒ်ချမှတ်ခဲ့ပြီး ပန်းတိုင်ငါးရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယမြောက်မဟာဗျူဟာစီမံကိန်းအရ အသစ်ဆောင်ရွက်ရမည့် လုပ်ငန်းများ အဖြစ် ဥပဒေအသိပညာဆိုင်ရာ ဒီဗလိုမာ ဘွဲ့သင်တန်းဖွင့်လှစ်ခြင်း၊ တက္ကသိုလ် ကျောင်းသားများနှင့် ရှေ့နေရှေ့ရပ်များ အတွက် ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း၊ Grade 12 သင်ရိုးညွှန်းတမ်းတွင် ဥပဒေဘာသာရပ်ထည့်သွင်းပို့ချနိုင်ရန် TOT သင်တန်းများ ဆောင်ရွက်ခြင်း၊ e-library တည်ထောင်ခြင်းစသည့် ပထမဦးစားပေးလုပ်ငန်း အစီအစဉ်များကို စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ "ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" ခေါင်းစဉ်နှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို အများပြည်သူက သိရှိစေရန်နှင့် ယုံကြည်ကိုးစားနိုင်ရန်၊ မဟာဗျူဟာစီမံကိန်းပါ ပန်းတိုင်များ အောင်မြင်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်ရုံးများကလည်း လုပ်ငန်းအစီအစဉ်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သတင်းအချက်အလက် နည်းပညာ(IT) နှင့်ပတ်သက်၍ "သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာမူဝါဒ"ကို ရေးဆွဲပြီးဖြစ်၍ ယင်းမူဝါဒနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများနှင့် လက်အောက်ခံဥပဒေရုံးများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းခွင်တွင် ခေတ်မီနည်းပညာများကို ပေါင်းစပ် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများနှင့် လက်အောက်ခံဥပဒေရုံးများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအထောက်အပံ့ပစ္စည်းများ၊ အခြေခံအဆောက်အအုံများ ကောင်းမွန်စေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့်ဘဏ္ဍာငွေများ တောင်းခံ၍ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ပါတီစုံအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်သည့်အတွက် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအနေဖြင့် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် လွှတ်တော်သုံးရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများကို ကျေညက်စွာ လေ့လာထားရန် လိုအပ်ကြောင်း၊ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဖြင့် ဥပဒေအကြံပြုချက် တောင်းခံသည့် အမှုများကို ဥပဒေအကြံပြုပြန်ကြားရာတွင် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ပြည့်စုံစွာကိုးကား၍ အကြံပြုပြန်ကြားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်ဒုတိယ ရှေ့နေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဋ္ဌမအကြိမ် လူဦးရေစာရင်းနှင့် ပထမအကြိမ်ကပ်ထားသည့် မဲဆန္ဒရှင်စာရင်း တိုက်ဆိုင်စစ်ဆေးနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု

မန္တလေး အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့တို့မှ ဝန်ထမ်းများပူးပေါင်း၍ ပဋ္ဌမအကြိမ်လူဦးရေစာရင်းနှင့် ပထမအကြိမ်ကပ်ထားသည့် မဲဆန္ဒရှင်စာရင်းတို့အား တိုက်ဆိုင်စစ်ဆေးနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ကြည့်ရှုရာတွင် ချမ်းအေးသာစံမြို့နယ်ရှိ ကဘွန်နမဟီရပ်ကွက်ရုံး၊ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃၄) အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ပြည်ကြီးရန်လုံရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး၊ နှင်းဆီခြံကိုးခန်းဓမ္မာရုံတို့သို့ ရောက်ရှိပြီး မဲဆန္ဒရှင်များက မဲစာရင်းတွင်ပါရှိမှု ရှိ၊ မရှိ ကြည့်ရှုနေမှုများ၊ မဲစာရင်းတွင် အမည်မပါသူများက ပုံစံ(၃)ဖြင့် တောင်းဆိုမှုများအား ပုံစံ(၃)လျှောက်လွှာထုတ်ပေး၍ ကူညီဆောင်ရွက်ပေးခြင်း၊ မဲစာရင်းတွင် အချက်အလက်များ ပြင်ဆင်လိုပါက ပုံစံ(၄-ဂ) ထုတ်ပေး၍ ပြင်ဆင်ဆောင်ရွက်ပေးခြင်း၊ သေဆုံးသူများနှင့် သာသနာ့ဝန်ထမ်းများ၊ မပါသင့်မပါထိုက်သူများ ပါဝင်နေပါက ပုံစံ(၄)ထုတ်ပေး၍ ကန့်ကွက်ခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာချက်များနှင့်အညီ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့အထိ မန္တလေးခရိုင်အတွင်း မဲစာရင်း လာရောက်ကြည့်ရှုသူ ဦးရေ ၁၅၄၃၁၆ ဦး၊ ပုံစံ(၃)ဖြင့် တောင်းဆိုသူ ၈၁၅ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူဦးရေ ၁၁၃၁ ဦး၊ ပုံစံ(၄-ဂ)ဖြင့် တောင်းဆိုပြင်ဆင်သူ ၂၆၁ ဦး၊ ပုံစံ(၃-က)ဖြင့် လျှောက်ထားသူဦးရေ ၁၂၉၃ ဦးရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၁

စက်မှုလုပ်ငန်းနှင့် စက်မှုနည်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ အသေးစား၊ အင်ယိစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနခွဲ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုလုပ်ငန်းနှင့် စက်မှုနည်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုနည်းများဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ နာယကရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုနည်းများ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုနည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဗဟိုကော်မတီအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အချက် ၁၅ ချက်ကို အချိန်မီဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် အမြန်ဆုံး ပြီးစီးရေးအတွက် အချိန်ဇယားများ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုနည်းအများဆုံးဖြစ်သည့်အတွက် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးရှင်းလင်းဆွေးနွေးခြင်းဖြစ်သကဲ့သို့ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော် ကောင်စီ ဒေသဆိုင်ရာကော်မတီများကို လည်း လမ်းညွှန်ချက်များ ထပ်ဆင့်ဖြန့်ဝေမှာကြားသွားမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုနည်းများ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီအနေဖြင့် စက်မှုလုပ်ငန်းနှင့် စက်မှုနည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ၊ လမ်းညွှန်မှာကြားချက်များနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုနည်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည့် အခြေအနေ၊ ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်သွားမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးသည် စက်မှုနည်းအရေအတွက် များပြားသဖြင့် စနစ်တကျဖြစ်စေရေးအတွက် စက်မှုနည်း တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုနည်းဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်၍ စက်မှုနည်းများသည် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စက်မှုနည်းများ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ စက်မှုနည်းတာဝန်ရှိသူများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က စက်မှုလုပ်ငန်းများ၊ စက်မှုနည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းပေးမည့် အခြေအနေ၊ စက်မှုနည်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သန်လျင်မြို့နယ်ရှိ NPK Motor Co., Ltd နှင့် တောင်ဒဂုံမြို့နယ်ရှိ Super Seven Stars Automotive Co., Ltd တို့က SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မဲဆန္ဒရှင်အသိပညာပေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း) တာဝန်ခံ ဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ မိုင်းဆတ်ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မိုင်းဆတ်ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မိုင်းဆတ်မြို့နယ်အတွင်းရှိ ပထမအကြိမ် ဆန္ဒမဲပေးမည့် အခြေခံပညာအထက်တန်းကျောင်းများမှ Grade-12 မဲဆန္ဒရှင်ကျောင်းသား၊ ကျောင်းသူ ဦးရေ ၅၀ တို့ကို ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲရုံများတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ အသုံးပြုတတ်စေရန်အတွက် သရုပ်ပြရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနား ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲကျင်းပမှု အခြေအနေများ၊ လွတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ဆန္ဒမဲပေးရမည့် မဲဆန္ဒရှင်တစ်ဦး သိသင့်သိထိုက်သည့်အချက်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ကို အသုံးပြုမဲပေးခြင်းဖြင့် တိကျသော မဲရလဒ်များရရှိနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အချိန်တိုအတွင်း မဲရလဒ်များရေတွက်နိုင်ခြင်း၊ မြန်ဆန်၍ နားလည်လွယ်ခြင်း၊ ပယ်မဲများမရှိခြင်း၊ ရွေးကောက်ပွဲရလဒ်များကို လျင်မြန်စွာ ကြေညာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ခြင်း၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် အခြေအနေများကို ချပြရှင်းလင်းခဲ့ပြီး မိုင်းဆတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမောင်ချိုက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အကြောင်းကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ကြကာ အခမ်းအနားကို ရပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

လွိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တောင်ကြီးတက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းတွင် ကျောင်းအပ်နှံထားသော လွိုင်ကော်တက္ကသိုလ်(အဝေးသင် သင်တန်း)မှ ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ် ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လွိုင်ကော်တက္ကသိုလ်တွင် တက်ရောက်ဖြေဆိုကြရမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၁

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွှေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

နေ့စဉ်ကျွေး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ရခြင်း

ပါးစပ်နှင့်နှာခေါင်းကို
လုံခြုံစွာဖုံးအုပ်ပါ။

အဖုံးပါသော အမှိုက်ပုံးထဲတွင်
သာ စွန့်ပစ်ပါ။

စနစ်တကျ လက်ဆေးပါ။

သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊

(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံ့မှုခံယူခြင်း။

ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံ့မှုကို မဖြစ်မနေခံယူပါ။

ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

မော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ထိန်စွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထိန်စွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေး တွဲဖက်အထက်တန်းကျောင်း၌ သံဃာတော် ၁၃၉ ပါး၊ သာသနာနွယ်ဝင်သီလရှင် အပါး ၅၀ နှင့် ဒေသခံပြည်သူ ၄၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရှုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ပြည်သူ့ဆေးရုံများ၊ ဘိုးဘွားရိပ်သာများနှင့် သတ်မှတ်နေရာအသီးသီး၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ပြင်ဦးလွင် အောက်တိုဘာ ၁၁

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အလှူရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးကိုယ်စား ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက လက်ခံရယူ၍ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးကိုယ်စား ပြင်ဦးလွင်မြို့ ခုတင် - ၃၀၀ ဆံ့ပြည်သူ့ဆေးရုံဆေးရုံအုပ်ကြီးဒေါက်တာသင်းသင်းအိက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းသည်။ **ခရိုင်(ပြန်/ဆက်)**

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ရာမန်နာဇရီယာတွင် တောမီးကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားမှုကို ပြန်လည်ရုပ်သိမ်း

ဝါရှင်တန် အောက်တိုဘာ ၁၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ရာမန်နာဇရီယာတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသဖြင့် မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားဖြင့် တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့သကဲ့သို့ လေကြောင်းအကူအညီကိုပါ ရယူခဲ့သည့်အတွက် တောမီးကိုစတင်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်၍ အောက်တိုဘာ ၁၀ ရက်မှစတင်၍ ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားမှုကို ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းနေဆဲ ဇရီယာမှာ ၁၀၅ ဧကကျော်ရှိနေသေးပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်ဧရိယာ၏စုစုပေါင်း ၈၅ ရာခိုင်နှုန်းကိုသာ ထိန်းချုပ်ထားနိုင်ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုရှိနေဆဲဖြစ်သော်လည်း တောမီးသည် ရှေ့ဆက်ကူးစက်လောင်ကျွမ်းခြင်းမရှိတော့သည့်အတွက် လက်ကျန်တောမီးကို လာမည့်ရက်ပိုင်းအတွင်း ရာနှုန်းပြည့် ထိန်းချုပ်နိုင်တော့မည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယား မီးသတ်တပ်ဖွဲ့ (Cal Fire) က ထုတ်ပြန်ခဲ့သည်။

"တောမီး လောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ ကြိုးပမ်းမှုကြောင့် ၈၅ ရာခိုင်နှုန်းထိ ထိန်းချုပ်နိုင်ပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းမိန့်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။ ဒါပေမဲ့လဲ တောမီးလောင်ကျွမ်းနေတဲ့ဧရိယာတွေ ကျန်ရှိနေဆဲဖြစ်ပါ တယ်"ဟု ကယ်လီဖိုးနီးယား မီးသတ်တပ်ဖွဲ့(Cal Fire)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဖိလစ်ပိုင်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုများကြောင့် သေဆုံးသူအနည်းဆုံး လူ ခုနစ်ဦးထိရှိလာပြီး လူနေအိမ်များနှင့်အခြေခံအဆောက်အအုံများ ပျက်စီး

မနီလာ အောက်တိုဘာ ၁၁

ဖိလစ်ပိုင်နိုင်ငံတွင် ငလျင်လှုပ်ခတ်မှုများကြောင့် သေဆုံးသူအနည်းဆုံး လူခုနစ်ဦးထိရှိလာပြီး လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း နိုင်ငံအာဏာပိုင်များကယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၀ ရက်က ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိငလျင်သည် ဒါဗောင် အိုရီယန်တယ်ပြည်နယ် မာနေမြို့ရှိ ပင်လယ်ရေပြင်တွင် အနက်ကီလိုမီတာ ၃၀၀ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း၊ ထို့နောက် ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိ ငလျင်သည်လည်း အဆိုပါနေရာဝန်းကျင်တွင် ထပ်မံလှုပ်ခတ်ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါ ပင်လယ်ပြင်အနီးကမ်းရိုးတန်းဒေသများကို ဆူနာမီသတိပေးချက် ထုတ်ပြန်ထားကြောင်း ဖိလစ်ပိုင်နိုင်ငံ ငလျင်နှင့် မီးတောင်ဗေဒဌာန အကြီးအကဲ တာရက်စီတိုဘက်ကိုကိုက ပြောကြားခဲ့သည်။

အဆိုပါ ကမ်းလွန်ငလျင်နှစ်ခုလှုပ်ခတ်ခဲ့သည့်အတွက် အနည်းဆုံးလူခုနစ်ဦးသေဆုံးခဲ့ပြီး ငလျင်ဗဟိုချက်အနီးရှိ မြို့များတွင် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ အရပ်ဘက်ကာကွယ်ရေးအရာရှိ အက်ဒနာက ပြောကြားခဲ့သည်။

ငလျင်ဗဟိုချက်အနီးရှိ မြို့ကြီးများတွင် အပျက်အစီးများကြားပိတ်မိနေသူများ၊ ပျောက်ဆုံးနေသူများရှိသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း၊ အဆိုပါငလျင်နှစ်ခုသည် လက်ရှိဖိလစ်ပိုင်နိုင်ငံတွင် အပြင်းထန်ဆုံးလှုပ်ခတ်မှုများကို ဖြစ်စေပြီး အပျက်အစီးများစွာကိုလည်းဖြစ်ပေါ်စေခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်မီးကွင်းပေါ်တွင် တည်ရှိပြီး နှစ်စဉ် ငလျင်ပေါင်း ၈၀၀ ကျော် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

သြစတြေးလျနိုင်ငံ တက်စမေးနီးယားပြည်နယ်တွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့

ကင်ဘာရာ အောက်တိုဘာ ၁၁

သြစတြေးလျနိုင်ငံ တက်စမေးနီးယားပြည်နယ်တွင် အောက်တိုဘာ ၁၀ ရက်က လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တက်စမေးနီးယားပြည်နယ် အနောက်မြောက်ပိုင်းနှင့် မြောက်ဘက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်များစွာနှင့် ဓာတ်တိုင်များပြိုလဲကျခဲ့ရကြောင်း၊ ပြိုလဲကျလာသော သစ်ပင်များထဲမှ တစ်ပင်သည် လူနေအိမ်ကိုပိမိကာ အဆိုပါနေအိမ်အတွင်းရှိ လူနှစ်ဦး သစ်ပင်ပိ၍ အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ရသည်ဟု တက်စမေးနီးယားပြည်နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တက်စမေးနီးယားပြည်နယ်တွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရကြောင်း၊ ပြိုလဲကျသော သစ်ပင်များ လမ်းပေါ်တွင်ပိတ်ဆို့နေသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် ရှင်းလင်းရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ထို့ပြင် တက်စမေးနီးယားပြည်နယ်အတွင်းကောက်ယူထားသော စစ်တမ်းများအရ ယခုအချိန်ထိ လူနေအိမ်နှင့် စီးပွားရေးလုပ်ငန်းပေါင်း ၂၀၀၀ ခန့်သည် လျှပ်စစ်ဓာတ်အားလိုင်း ပြတ်တောက်ခဲ့ရကြောင်း၊ လျှပ်စစ်ဓာတ်အားကို အမြန်ဆုံး ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်နေသော်လည်း အချို့နေရာများတွင် လျှပ်စစ်ဓာတ်အားလိုင်း ဆက်လက်ပြတ်တောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

အိန္ဒိယနိုင်ငံ ကက်ရ်ခရိုင် ဆည်မြောင်းများတွင် ရေခန်းခြောက်မှုပြဿနာကိုဖြေရှင်းရန် အစိုးရက ရူပီး ၄၅၁ ဒသမ ၆၇ ကုဋေ အသုံးပြုသွားမည်

နယူးဒေလီ အောက်တိုဘာ ၁၁

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ကက်ရ်ခရိုင်တွင် ဆည်မြောင်းများ ရေခန်းခြောက်မှု ဖြစ်ပွားနေပြီး စိုက်ပျိုးရေးလုပ်ငန်းများသို့ ရေပေးဝေနေသည့် ဆည်မြောင်းများကို ရေပြန်ဖြည့်ပေးနိုင်ရေးအတွက် အိန္ဒိယအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်က ရူပီး ၄၅၁ ဒသမ ၆၇ ကုဋေထိအသုံးပြုကာ ရေအမြန်ရရှိရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရူပီး ၄၅၁ ဒသမ ၆၇ ကုဋေထိ အသုံးပြုသွားမည့် စီမံကိန်းသည် စိုက်ပျိုးမြေဟက်တာ ၅၄၉၂ ကို ရေပေးဝေနိုင်အောင် ဆောင်ရွက်သွားမည့် စီမံကိန်းဖြစ်ကြောင်း၊ နာမာဒါမြစ်မှ ရရှိနိုင်မည့်ရေ ပမာဏအတွက်လည်း ပိုက်လိုင်းသွယ်တန်းကာ ဆည်မြောင်းများသို့ ရေပေးဝေသွားမည်ဖြစ်သကဲ့သို့ မြေအောက်ရေ ရရှိအောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကာ ပိုက်လိုင်းများမှတစ်ဆင့် ရေပေးဝေသွားမည်ဖြစ်ကြောင်းလည်း ဂူဂျာရတ် ရေထုအရင်းအမြစ် ဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ရေထုအရင်းအမြစ် လိုအပ်နေတဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို ရေရရှိရေးအတွက် ဆောင်ရွက်သွားမဲ့ စီမံကိန်းအတွက် ရူပီး ၄၅၁ ဒသမ ၆၇ ကုဋေထိ အသုံးပြုသွားမှာဖြစ်ပါတယ်။ ဆူဗိုင်ရေလှောင်တမံ၊ နာမာဒါမြစ်ရေကရနိုင်သလောက်ရေတွေနဲ့ မြေအောက်ရေတွေကနေ ပိုက်လိုင်း ၁၉၄ လိုင်းထိ သွယ်တန်းတည်ဆောက်ပေးပြီးတော့ စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် ဆည်မြောင်းတွေကနေတစ်ဆင့် ရေပေးဝေသွားမှာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ရင်ဆိုင်ရမဲ့ ပြဿနာကို ဖြေရှင်းပေးသွားမှာဖြစ်ပါတယ်"ဟု ဂူဂျာရတ် ရေထုအရင်းအမြစ် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

မက္ကဆီကိုနိုင်ငံ ဟိုင်ဒယ်လ်ဂိုပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သောကြောင့် သေဆုံးသူ ၂၂ ဦးထက်မနည်းရှိနေ

မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၁

မက္ကဆီကိုနိုင်ငံ ဟိုင်ဒယ်လ်ဂိုပြည်နယ်တွင် အောက်တိုဘာ ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြစ်ရေလျှံတက် ကာ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သောကြောင့် သေဆုံးသူ ၂၂ ဦးထက်မနည်းရှိနေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် လူနေအိမ်ပေါင်း ၁၀၀၀ ထက်မနည်းရှိနေသကဲ့သို့ ဆေးရုံနှင့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံ ၅၉ ဆောင်၊ စာသင်ကျောင်း ၃၀၈ ကျောင်းရှိနေပြီး ပျက်စီးမှုများလည်း ရှိနေသည့်အတွက် ယာယီပိတ်ထားရကြောင်း၊ ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုလည်း ဖြစ်ပေါ်နေပြီး လမ်းမကြီးတချို့ ပျက်စီးကာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ရှိနေကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်အလိုက် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း ပြည်နယ်အလိုက်မှ တာဝန်ရှိသူများ၏ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်း လိုက်လံကြည့်ရှုနေကြောင်း သိရသည်။

"ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေကြောင့် လမ်းပိုင်းပျက်စီးခဲ့တယ်။ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေဖို့အတွက် ပြန်လည်ပြင်ဆင်ရေးတွေကို အမြန်ဆုံး ဆောင်ရွက်ပေးနေသလို လျှပ်စစ်မီးပြတ်တောက်မှုတွေကိုလဲ အမြန်ဆုံးပြင်ဆင်ပေးဖို့ ဆောင်ရွက်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် မိသားစုဝင်တွေ ဆုံးရှုံးခဲ့ရတဲ့ ပြည်သူတွေနဲ့ ထပ်တူဝမ်းနည်းမိပါတယ်"ဟု မက္ကဆီကိုသမ္မတ ကလောက်ဒီယာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ယမန်နေ့မှအဆက်

ခေတ်ကို မျက်ခြည်ပြတ်လို့ အဖေတို့ ခံလိုက်ရတာပါပဲ။ အဲဒီကတည်းက အဖေလဲ အများရှေ့ဆို စကားဟဟတောင် မပြောဝံ့ရှာတော့ ဘူး။ "ဆိုက်ကို" ဝင်သွားတာနဲ့ တူပါတယ်။

(၄)

အဖေဟာ အဲဒီလို ခေတ်ရေစီးကြောင်းနဲ့အတူ စီးမျောလိုက်ပါနိုင်သူတစ်ဦး မဟုတ်ပေမဲ့ အဖေ့ရဲ့ အတွေးအမြင်တချို့ကိုတော့ ကျုပ်ကြိုက်တယ်ဗျို့။ (တချို့ပဲပြောတာနော်)။ အထူးသဖြင့် ကျီးငယ်တွေ အပေါ် အဖေနားလည်စာနာပေးတတ်ပုံကိုတော့ ကျုပ်လေးစားတယ်။

ကျုပ်တို့ကျီးတွေနဲ့ပတ်သက်ပြီး လူတွေပြောတဲ့ စကားပုံတွေရှိတယ်မဟုတ်လား။ ဘာတဲ့။ "ကျီးလန့်စာစား"တို့၊ "ကျီးကန်းတောင်းမှောက်"တို့၊ "ကျီးစောင့်ကြက်နှင်"တို့၊ "ဒေါင်းယောင်ဆောင်သောကျီး"တို့ ဘာတို့လေ။

အဲဒီထဲမှာ "ဒေါင်းယောင်ဆောင်သောကျီး"ဆိုတဲ့ စကားပုံ ဖြစ်ပေါ်လာရတဲ့ အရင်းခံဇာတ်ကြောင်းဟာ ကျီးသမိုင်းမှာတော့ အတော့်ကို အကျည်းတန် အရုပ်ဆိုးခဲ့တဲ့ကိစ္စပဲ။ သမိုင်းမှတ်တမ်းတင်သွားတဲ့အတွက် ရှက်ဖို့လဲကောင်းတယ်။ ကျီးတွေရဲ့ ဇာတိပုည၊ ဂုဏ်မာနကို ထိခိုက်တဲ့ဖြစ်ရပ်လဲဖြစ်တယ်။

အဲဒီဇာတ်လမ်းကို ခင်ဗျား ကြားဖူးမှာပါ။ ကျီးတစ်ကောင်ဗျာ၊ ဒေါင်းဖြစ်ချင်လို့ ဒေါင်းတောင်တွေ သူ့ကိုယ်ပေါ်မှာစိုက်ပြီး ဒေါင်းတွေကြား ဝင်ရောတာလေ။ နောက်တော့ ဒေါင်းတောင်တွေ ကျွတ်ကျကုန်ပြီး ဒေါင်းအစစ်မဟုတ်မှန်းလဲသိရော ဒေါင်းတွေက သူ့ကို စိတ်ဆိုးမာန်ဆိုးနဲ့ ဝိုင်းထိုးဆိတ်ပြီး မောင်းထုတ်၊ ကျီးတွေဆီ ပြန်လာတော့လဲ ကျီးတွေက မျိုးချစ်စိတ်မရှိတဲ့ကောင်၊ သစ္စာဖောက်လောက်ကောင်ဆိုပြီး ဝိုင်းထိုးဆိတ်ပြီး မောင်းထုတ်၊ နောက်ဆုံးတော့ဗျာ အပယ်ခံဘဝနဲ့ မရှုမလှ ဘဝနိဂုံးချုပ်သွားတဲ့ဇာတ်လေ။ သိတယ်မဟုတ်လား။

"ဝ"မရှိဘဲ ဝိလုပ်ချင်တဲ့ သူတွေ၊ အမေကျော်ထွေးတော်လွမ်းတဲ့ သူတွေ၊ တိုင်းတစ်ပါး အထင်ကြီးတဲ့ သူတွေကို ဆုံးမချင်တယ်ဆိုရင် ပုံဆောင်ခိုင်းနှိုင်းပြီး ဆုံးမလေ့ရှိတဲ့ ဇာတ်လမ်းဟာကော။

ကျုပ်အမြင်ပြောရရင် ဒါဟာ အသားအရောင် ခွဲခြားမှုနဲ့ တစ်စိတ်တစ်ဒေသဆိုင်တယ်ဗျ။ ကျုပ်တို့ ငှက်လောကမှာလဲ အသားအရောင် ခွဲခြားမှုက ရှိနေတာပဲ။ ခင်ဗျားမသိလို့။ ဗျိုင်းတို့၊ ငန်းတို့၊ ဒေါင်းတို့ဆိုတဲ့ အကောင်တွေက ကျုပ်တို့ကျီးတွေကို နည်းနည်းတော့ နှိမ်ချင်တာပဲဗျ။ အခုလဲ ဒေါင်းတွေက ကျီးကိုနှိမ်ချင်လို့ ဖြစ်သွားရတာလေ။

ဒီဇာတ်ကြောင်းနဲ့ပတ်သက်တဲ့ အဖေ့အမြင်က တော့မိုက်တယ်။ အတွေးက ဆန်းသစ်တယ်၊ သဘာဝလဲကျတယ်။ လက်လဲလက်ခံနိုင်တယ်။

ဒီဇာတ်လမ်းကို အတွင်းကျကျ သိခဲ့တဲ့ ကျီးအိုကြီးတွေ လက်ဆင့်ကမ်းခဲ့တဲ့ တကယ့်ဖြစ်ရပ်မှန်က နှလုံးသားရေးရာကိစ္စနဲ့ ပတ်သက်နေတာတဲ့။ ဇာတ်လိုက် ကျီးလုလင်ဟာ အင်မတန် ချောမောလှပတဲ့ ဒေါင်းပျိုမလေးတစ်ကောင်နဲ့ ငှက်ငယ်ဘာဝချစ်ကြိုးသွယ်မိတာတဲ့။ ကျီးနဲ့ဒေါင်း မျိုးမတူ ဇာတ်မတူတဲ့အတွက် မိန်းကလေးအသိုင်းအဝိုင်းက လက်သင့်မခံမှာစိုးလို့ ကလေးမလေးနဲ့ နီးစပ်နိုင်အောင် မောင်ရွှေကျီး ကြံမိကြံရာကြံရင်းကနေ ဒီဇာတ်လမ်းဖြစ်သွားရတာတဲ့။

အမျိုး မချစ်တာတို့၊ မျိုးနွယ် မစောင့်ရှောက်တာတို့ မဟုတ်ရပါဘူးတဲ့။

အဖေက ပြောသေးတယ်။

"အင်း. . . ငယ်ရွယ်သူတွေဟာ နှလုံးသားရေးရာကို ရှေ့တန်းတင်တတ်တာ သဘာဝပဲလေ။ ခုလဲ ချစ်စိတ်မွန်ပြီး တစ်ဇွတ်ထိုးလုပ်မိလုပ်ရာ လုပ်သွားတဲ့အတွက် အပြစ်တော့ မတင်သင့်ပါဘူးကွာ"တဲ့။

ဒီလိုကျပြန်တော့လဲ ကျုပ်တို့အဖေက ခေတ်မီနေပြန်ရော။

(၅)

အဖေက ကျုပ်ထက် နှလုံးသား ပိုနူးညံ့တယ်ဗျ။ အချစ်ကို ကျုပ်ထက်ပိုပြီး ထိရှခံစား နားလည်နိုင်တယ်။ ဒါကြောင့်လဲ မြို့သူဖြစ်တဲ့ အမေနဲ့ ပေါင်းဖက်ဖို့ တောက အသိုင်းအဝိုင်းကြီး တစ်ခုလုံးကို စွန့်ခွာခဲ့ပြီး အချစ်သူရဲကောင်းကြီး လုပ်ခဲ့တာပေါ့။

အမေဆုံးတော့ အဖေ တော်တော်လေး ခံစားခဲ့ရပူဆွေးခဲ့ရရှာတယ်။ အဖေ လောက်စာလုံးမှန်တဲ့ ဒဏ်ရာနဲ့ အသိုက်ထဲ လဲနေတဲ့အချိန်မှာ အမေ ဆုံးတာဆိုတော့ အဖေ့ခမျာ မရှုးရုံတစ်မည်ပဲ။ နောက်ပိုင်းမှ အဖေဖြေနိုင်သွားတာ။

ကျုပ်က တစ်ခါတစ်ခါ အဖေ့ကို သွေးတိုးစမ်းကြည့်တယ်။

"အဖေ. . အဖေ့အမျိုးတွေ တောမှာအများကြီး မဟုတ်လား။ ကျုပ်တို့ တောပြန်ကြမလား"

အဲဒီလိုမေးမိရင် အဖေက တမေ့တမြော တွေတွေကြီးငေးနေပြီး "တောတော့ သတိရပါတယ်ကွာ။ ဆွေမျိုးတွေကိုလဲ အောက်မေ့ပါတယ်။ ဒါပေမဲ့ အဖေ မပြန်ချင်တော့ဘူးသားရယ်။ မင်းအမေနဲ့ ငါနဲ့ နဖူးကချွေး ခြေမကျတဲ့ထိ ကြိုးပမ်းတည်ဆောက်ထားတဲ့ ဒီအသိုက်အမြံုလေးမှာပဲ တစ်သက်လုံး နေပြီး မင်းအမေ ခေါင်းချသွားတဲ့အရပ်မှာပဲ ငါ သေချင်တယ်"တဲ့။

တွေ့လား အဖေတို့များ အဲဒီလောက်ထိ အစွဲအလမ်းကြီးတာ။ နောက်တစ်ခုလဲရှိတယ်။ သူ ထုတ်သာ မပြောတာပါ။ ခုလို မသန်မစွမ်း ဒုက္ခိတ ဘဝကြီးနဲ့ သူ့ရပ်သူ့ရွာ ဘယ်ပြန်ချင်မလဲလေ။ မဟုတ်ဘူးလား။ ကျုပ်ကလဲ စကားအဖြစ်သာ ပြောတာပါ။ တကယ့်တကယ် အဖေက ပြန်မယ်ဟဲ့ ဆိုရင်တောင် ဘယ်လိုလုပ်ရမှန်းမသိပါဘူး။ အဖေတို့ တောက အဝေးကြီးရယ်။ အဖေ့ကို ကျောပေါ်တင်ပြီး အကြာကြီးပျံဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အဖေ မပြန်ချင် တာတော်သေးရဲ့။

ကျုပ်က မြို့မှာမွေး၊ မြို့မှာကြီးဆိုတော့ မြို့သားစစ်စစ်ပေါ့။ မြို့မှာ ကျင်လည်ကျက်စားရတာကိုလဲ ပျော်ပါတယ်။ မြို့မှာက အန္တရာယ်များတယ်ဆိုပေမဲ့ ရှာဖွေစားသောက်ရတာ လွယ်တယ်ဗျ။ မခက်ဘူး။ လျင်ဖို့နဲ့ ရဲဖို့ပဲလိုတာ။

ပြီးတော့ ခွင်တစ်ခွင်လောက် မိထားလိုက်ရင် တစ်သက်စားရောပဲ။ ကျုပ်ဆိုရင် စမ်းချောင်း ဦးရွှေမှန်ဈေး အမှိုက်ပုံခွင်ကို ရထားတာကြာပြီကော။ တစ်ဈေးလုံးက စွန့်ပစ်ကြတဲ့ စားစရာတွေဆိုတာ ဖောခြင်းသောခြင်းပဲ။ ကြက်အရိုအရွဲ့ စားမလား၊ ဝက်အရိုအရွဲ့ စားမလား၊ အမဲအရိုအရွဲ့ စားမလား၊ ငါးအူ စားမလား၊ ဖားအူ စားမလား၊ အကုန်ရှိတယ်။ ထမင်းကျန် ဟင်းကျန် မရှားဘူး။ သစ်သီးဝလံ အပုပ်အသိုးပေါမှပေါ။ သက်ဆိုင်ရာက မှန်မှန်လာမသိမ်းလေ ကျုပ်တို့ အူစိုလေပဲ။

အဲဒါကြောင့် ကျုပ်က မြို့ကို ကြိုက်တာ။

မြို့ကို ကြိုက်သလို တောအရပ်၊ တောသဘာဝ လေးကိုလည်း ကျုပ်သဘောကျတာပဲဗျ။ မြို့မှာ ပြေးပြေးလွှားလွှား၊ လုလုယက်ယက် ရှာဖွေ စားသောက်ရတာ သိပ်ပင်ပန်း ငြီးငွေ့လာရင် ကျုပ် တောသွားပြီး နှစ်ရက်တန်သည်၊ သုံးရက်တန်သည် သွားအနားယူလေ့ရှိတယ်။

တောမှာက တကယ့်ကို အေးဆေး ဆိတ်ငြိမ်တာဗျ။ လူသံ၊ သူသံ၊ ကားသံ၊ စက်သံ ဘာဆူညံသံမှမကြားရဘူး။ မျက်စိအေး၊ နှားအေးနဲ့ အင်မတန်နေလို့ကောင်းတယ်။ စိတ်ဖိစီးမှုလဲ သက်သာတယ်။

တစ်ရက်တော့ အဖေက ကျုပ်ကို ပြောတယ်။ တောက သူ့အစ်မ အကြီးဆုံးရဲ့ သတင်းမကြားရတာ ကြာပြီတဲ့။ နေထိုင်ကောင်း၊ မကောင်း သွားကြည့်ပေးပါတဲ့။ ဟန်ကျလိုက်တာ။ ကျုပ်ကလဲ မြို့စာတွေ ဆက်တိုက်စားရတာ ငြီးငွေ့လို့ တောစာ တောင်စာ လေး တောင့်တနေတာနဲ့ အတော်ပဲ။

"ဟုတ်ကဲ့၊ သွားပေးပါ့မယ် အဖေ"ဆိုပြီး သူစားဖို့၊ သောက်ဖို့ အပြည့်အစုံ စီစဉ်ခဲ့ပြီးမှ ကျုပ် တောဘက် ထွက်ခဲ့တယ်။

သွားခါနီး ထုံးစံအတိုင်း အဖေက မှာတမ်းခြွေ သေးတယ်။

"သား... သတိဝီရိယနဲ့သွားနော်။ တွေ့တဲ့ သူတိုင်းကို ချေချေငံငံဆက်ဆံ။ အေး ဒါပေမဲ့ စကားတော့မဖွာနဲ့ကွဲ့။ လိုအပ်တာပဲပြော၊ အပိုတွေ မပြောနဲ့၊ ကြားလား"

"ဟုတ်ကဲ့ပါ အဖေရယ်" ဆိုပြီး ကျုပ်မနည်း စကားဖြတ်ထွက်လာရတယ်။

တောရောက်တော့ ဆွေမျိုးတွေအားလုံးကို သိုက်ပေါက်စေ့ လိုက်နှုတ်ဆက်ပါတယ်။ ဆွေမျိုးတွေ တွေ့တော့လဲ စကားတွေပြောကြတာ တစ်တောလုံးကို ဆူလို့ညံလို့၊ ကြီးတော်ကြီးလဲ တွေ့ပါတယ်။ နေကောင်းပါတယ်။ ဝဝဖြိုးဖြိုး မာမာချာချာကြီးပါ။ ကျုပ်တောင့်တနေတဲ့ ညောင်သီးတွေတောင် တဝကြီး ကျွေးလိုက်သေးတယ်။ မပြန်ခင် တစ်ရက်မှာ တော့ ကျုပ်တစ်ကောင်တည်း ဟိုဟိုဒီဒီ လျှောက်ပျံရင်း စမ်းချောင်းလေးဘေးပေါက်နေတဲ့ လက်ပံပင်ကြီးရဲ့ ကိုင်းတစ်ကိုင်းပေါ် ရောက်သွားတယ်ဗျ။

အဲဒီနေရာလေးက သိပ်သာယာတယ်ဗျာ။ လေနုအေးလေးက တဖြူးဖြူးနဲ့တိုက်နေတာ ကောင်းလိုက်တာ။ တောပန်းတောင်ပန်းတွေရဲ့ ရနံ့လေးကလဲ မွှေးကြိုင်နေတာပဲ။ စမ်းရေစီးသံလေးကလဲ နားဝင်ချိမ့်ချိ။ ဒါနဲ့ ကျုပ်လဲ စိတ်ရောကိုယ်ပါလျှော့ပြီး သစ်ကိုင်းပေါ်မှာ အေးအေးလူလူ အနားယူအပန်းဖြေပစ်လိုက်တယ်ဗျ။

အဲဒီအချိန်မှာ ဟိုချုံကနေ ဒီချုံ၊ ဒီချုံကနေ ဟိုချုံ တစ်ချိန်လုံး အငြိမ်မနေဘဲ ကူးသန်းပြေးလွှားနေတဲ့ ယုန်တစ်ကောင်ဟာ ကျုပ်ကို မြင်သွားရောဗျို့။ ကျုပ်ကိုအကြာကြီး မော့ကြည့်နေပြီး အောက်ကနေ လှမ်းနှုတ်ဆက်တယ်ဗျ။

"မိတ်ဆွေကျီး၊ မိတ်ဆွေကျီး"တဲ့။

ကျုပ်က

"ဘာလဲ"လို့ မေးတော့ "မိတ်ဆွေကျီး အဲဒီလို ဘာမှမလုပ်ဘဲ ငြိမ်ငြိမ်လေး သက်သောင့်သက်သာ နားနေရတာ သိပ်ဇိမ်ရှိမှာပဲနော်"တဲ့။

ကျုပ်ကလဲ သူ့ကို "အင်း. . . ရှိတာပေါ့"လို့ တိုတိုပဲ ဖြေလိုက်တယ်ဗျ။

ဒါနဲ့ ယုန်က ကျုပ်ကိုအားကျသွားတယ်ထင်တယ်။ တစ်ချိန်လုံး ဟိုချုံ၊ ဒီချုံကူးလူးပြေးလွှားလုပ်နေရာက ဆက်မပြေးတော့ဘဲ ကျုပ်နားနေတဲ့ လက်ပံပင်ရှေ့ ဘက်နားက တောသရက်ပင်အောက်မှာ စိတ်အေး လက်အေး ငုတ်တုတ်လေးသွားထိုင်နေတော့တယ်ဗျ။ ကျုပ်လိုပဲ သက်သောင့်သက်သာ အနားယူ အပန်းဖြေနေတာပေါ့လေ။ **စာမျက်နှာ ၂၅ သို့ á**

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၂၀၀၀ စိုက်ပျိုးသွားမည်

ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ကသာ အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၂၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ဧက ၅၃၀၊ အင်းတော်မြို့နယ်တွင် ၄၃၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၂၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် ဧက ၅၁၀ စုစုပေါင်းဧက ၂၀၀၀ ဖြစ်ကြောင်း၊ အောက်တိုဘာလ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ ပဲတီစိမ်းဧက ၂၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်သွားမှာပါ"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

ကျောင်းကုန်းမြို့နယ်တွင် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ကောက်ရိုးမှိုများ ဝယ်ယူမှု ကောင်းသောကြောင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကောက်ရိုးမှို စိုက်ပျိုးထုတ်လုပ်ရောင်းချရေးပွဲရုံပိုင်ရှင် ဒေါ်ကလျာက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ပထမပတ်ကစတင်ပြီး ယနေ့ထိ ကောက်ရိုးမှိုများ ဝယ်ယူမှု ကောင်းမွန်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများ တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"လက်ရှိ ကောက်ရိုးမှို တစ်ပိဿာကို ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒေသတွင်း ဈေးကွယ်မှာကို ကောက်ရိုးမှိုတွေက အဝယ်လိုက်နေတာပါ။ ထွက်လာတဲ့မှိုတွေက အရည်အသွေးလဲ ကောင်းပါတယ်။ အဖူးတွေက ပိုရောင်းရတာပါ"ဟု ကျောင်းကုန်းမြို့နယ် ကောက်ရိုးမှိုစိုက်ပျိုး ထုတ်လုပ်ရောင်းချရေး ပွဲရုံပိုင်ရှင် ဒေါ်ကလျာက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ကောက်ရိုးမှိုများကို ကျေးရွာ ၁၃ ရွာမှ တောင်သူများက အများဆုံး စိုက်ပျိုးကြပြီး တောင်သူတစ်ဦးလျှင် (၁၅x၃)ပေပတ်လည် ပေါင် ၁၅ ပေါင်မှ ပေါင် ၅၀ ထိ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီးသည့်နေ့မှ ၁၅ ရက်ကြာလျှင်တစ်ကြိမ် ခူးဆွတ်အိတ်စွပ်ရကြောင်း၊ ရောင်းတန်းဝင်သည့်ထိ တစ်ပေါင်လျှင် အထွေထွေကုန်ကျစရိတ်ငွေကျပ် ၆၇၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၄ မှအဆက်**

ဒါပေမဲ့မကြာပါဘူးဗျ။ အစာရှာထွက်လာပုံရတဲ့ ခွေးအတစ်ကောင်က ငုတ်တုတ်ထိုင်နေတဲ့ ယုန်ကို တွေ့သွားတယ်။ ပြီးတော့ ခွေးအဟာယုန်ကို အလွယ်တကူ ခုန်အုပ်ဖမ်းယူပြီး သတ်ဖြတ်စားသောက်လိုက်တာ အို. .. မိနစ်ပိုင်းအတွင်း ယုန်ကလေး အစပျောက်သွားပါလေရော။

ဟာ... ကျုပ်ဆို အတော်ကိုတုန်လှုပ်ချောက်ချားသွားတာပဲ။ မျက်စိအောက်တင် ဖြစ်သွားတဲ့ကိစ္စဆိုတော့ စိတ်မကောင်းလိုက်တာ မပြောပါနဲ့တော့။ ရင်ထဲမှာကို တလှုပ်လှုပ်ခုန်နေတာ။

အမှန်တော့ ကျုပ်အပြစ်ဗျ။ ကျုပ်အပြစ်။ ကျုပ်လိုသွားတာ။

ယုန်က ကျုပ်ကို "အဲဒီလို ဘာမှမလုပ်ဘဲ ငြိမ်ငြိမ် လေး သက်သောင့်သက်သာနားနေရတာ သိပ်ဇိမ်ရှိမှာပဲနော်"လို့ ပြောမေးလေး မေးတုန်းက ကျုပ်က "အင်း. . . ရှိတာပေါ့"လို့ ပြီးလွယ်စီးလွယ်တိုတိုပဲ ဖြေခဲ့မိတယ်။

အဲဒါ ကျုပ်မှားတာပဲ။

တကယ်ဆိုရင်. . . သူမေးတာကို ကျုပ်က "အင်း .. သက်သောင့်သက်သာလေးနားနေရတာ တကယ်ဇိမ်ရှိပါတယ်ကွာ။ အေး. . . ဒါပေမဲ့ သက်သောင့်သက်သာနဲ့ ဇိမ်ရှိရှိနားနေချင်တယ်ဆိုရင်တော့ ပထမဦးဆုံး ခပ်မြင့်မြင့်နေရာလေးတစ်နေရာကိုတော့ ရွေးချယ်ရလိမ့်မယ်"လို့ ပြည့်ပြည့်စုံစုံပြောရမှာကို ကျုပ်မပြောလိုက်မိဘူး။

ကျုပ် စကားကို ပြည့်ပြည့်စုံစုံ မပြောလို့ သူ့ခမျာ ဒီလိုအဖြစ်ဆိုးနဲ့ ကြုံရတာ။ ကျုပ်အပြစ်ပါဗျာ။ ကျုပ်လိုသွားတာပါ။ ယုန်လေး သေရတာ ကျုပ်ကြောင့်ပါ။ ကျုပ်တကယ်နောင်တရမိတယ်။ ဒါ သင်ခန်းစာပဲ။

မြို့ပြန်ရောက်ရင်တော့ အဖေနဲ့ ငြင်းရခုံရအုံးမယ်။

ဒီတစ်ခါတော့ ကျုပ်အခိုင်အမာ ပြောရတော့မယ်။

"အဖေ. . . စကားဆိုတာ အများကြီးပိုပြောတာ မကောင်းတာ မှန်ပေမဲ့ မပြည့်မစုံပြောရင်လဲ မကောင်းဘူးဗျ။ အချက်အလက် ပြည့်စုံအောင်၊ လိပ်ပတ်လည်အောင်တော့ ပြောကိုပြောသင့်တယ်ဗျ"လို့။

အင်း. . . ဒီတစ်ခေါက် တောပြန်ရတာ မပျော်ပါ ဘူးဗျာ။ စိတ်မချမ်းမသာဖြစ်ရတာပဲ အဖတ်တင်တယ်။

သဘာဝဘေးဒဏ် ကြုံကြုံခံနိုင်ဖို့ စီမံ စွမ်းဆောင် ကျော်လွှားစို့

- ကမ္ဘာမြေ ပူနွေးမှုနဲ့
  ဆက်စပ်ပြု အခြေခံ၊
  "အယ်နီညို"ဖြစ်စဉ်များရဲ့
  ဆင့်ပွား တန်ပြန်၊
  သဘာဝဘေး အကြောင်းဖန်
  ဆိုးကျိုးဒဏ် ဖြစ်တည်ကြွင်း၊
  ချောက်ချားဖွယ် ဖောက်ပြန်မှုအောက်
  သက်ရောက် ယိုယွင်း။

- မြေငလျင် လေမုန်တိုင်း
  ဒီရေလှိုင်းနဲ့ ဘေးအထွေထွေ၊
  ရေကြီးရေလျှံ မြေပြိုခြင်းများ
  ခါးသီးဖွယ်တွေ၊
  ထိခိုက်မှုနဲ့ ဆုံးရှုံးနိုင်ခြေ
  ကြုံရမည်လေ တစ်ဆက်တစ်စပ်၊
  နစ်နာရာ လျှော့ချသွားနိုင်ဖို့
  အားမြှင့်လို့ရပ်။

- အမှတ်မထင် သဘာဝဘေးက
  အချိန်မရွေး ဖြစ်ပေါ်နိုင်၊
  စိန်ခေါ်ရာ မတုန်လှုပ်ဘဲ
  ထိန်းချုပ် ရင်ဆိုင်၊
  ကြိုတင်မှုနဲ့ ကြုံကြုံခိုင်
  ကာကွယ်ပိုင်နိုင် မြဲအသင့်၊
  ဆောင်ရှောင်ရာ ပြင်ဆင်မှုနည်းလမ်းတွေနဲ့
  စွမ်းဆောင်ရည်မြှင့်။

- ဖြစ်ပျက်မြန် သဘာဝဘေးရဲ့
  ရင်မအေးရ နောက်ကွယ်မှာ၊
  ထိခိုက်ရာ ဆုံးရှုံးခြင်းတို့
  လက်ငင်း သေချာ၊
  ဝိုင်းဝန်းလို့ ညီညွတ်စွာ
  ပြန်လှန်ကာ တွဲကူဖေး၊
  တွေးရှုပွားကာပင်
  အလေးဂရုပြုထားစွာအစဉ်
  ကြိုတင်ကာ အစီအမံများနဲ့
  အသင့်ပြင် ဇာတ်တိုက်ထားလေမှ
  အင်အားမြိုင် ဘေးဒဏ်လျော့မည်မို့
  ဦးမော့ကာ တိုက်ဖျက်ကျားကန်လို့
  ကြုံကြုံခံ တို့ပြန်သွားရအောင်
  စွမ်းဆောင်ရည် မြှင့်တင်ထားကြပါစို့
  အန်တုကာ စိတ်ခွန်အားတွေနဲ့
  (ဆွေအပေါင်းတို့ရေ.....)
  ကျော်လွှားစို့လေး။ ။

မင်းသွေးနွယ်(ဧီးကုန်း)

သဘာဝဘေးအန္တရာယ်ကိုကြိုတင်မြော်တွေးကာ ပြင်ဆင်စီမံကြရန်လို

ကျော်တင့်(ရွှေခရမ်း)

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ လူသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို အချိန်ခဏတာအတွင်း ဖျက်ဆီးပစ်နိုင်သည့် မလွန်ဆန်နိုင်သော လောကဓမ္မတာဖြစ်သည်။ လူသားတို့သည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို လွန်ဆန်နိုင်စွမ်းမရှိသော်လည်း ကျရောက်ခဲ့ဖူးသည့် သဘာဝဘေးအန္တရာယ်များကို သင်ခန်းစာယူ ဖော်ထုတ်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်းအားဖြင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဖြစ်သည်။ သဘာဝဘေးများနှင့်စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းကြရာတွင် ယခင်က အရေးပေါ်တုံ့ပြန်မှုကို အဓိကထားဆောင်ရွက်ခဲ့ကြသော်လည်း မျက်မှောက်ခေတ်တွင်မူ သဘာဝဘေးကြောင့် ထိခိုက်ခံစားရနိုင်သည့် အခြေအနေများကို လျှော့ချခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဦးစားပေးဆောင်ရွက်လာသည်။

မိမိတို့နိုင်ငံသည် ရာသီဥတု၊ မြေမျက်နှာပြင်၊ တည်နေရာ အနေအထားတို့အရ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ ကျရောက်နိုင်ခြေမြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရှည်လျားသည့် ကမ်းရိုးတန်း၊ တောင်ကုန်းတောင်တန်းများ၊ မြစ်ချောင်းများ အများအပြားတည်ရှိနေခြင်း၊ နိုင်ငံ၏ဗဟိုအချက်အချာတစ်လျှောက် ရှည်လျားသည့် ပြတ်ရွေ့နှင့် အခြားပြတ်ရွေ့များရှိနေခြင်း စသည်တို့ကြောင့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးများ ကျရောက်နိုင်သည်။ ပြောင်းလဲလာသည့် ရာသီဥတုကြောင့်လည်း ပြင်းထန်ကြမ်းတမ်းသည့် မိုးလေဝသဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာသကဲ့သို့ ယခင်ကမကြုံတွေ့ခဲ့ဖူးသည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များလည်း ဖြစ်ပွားလာသည်ကို တွေ့ရသည်။ မြေမျက်နှာသွင်ပြင်ဖွဲ့စည်းပုံအရ ကမ္ဘာ့အန္တရာယ် အများဆုံးနိုင်ငံများကြားတွင် ပါဝင်လျက်ရှိရာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုက ရာသီချိန်ခါအလိုက် ကျရောက်လေ့ရှိသည့် သဘာဝဘေးအန္တရာယ်များကို ပိုမိုပြင်းထန်ဆိုးရွားစေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် နိုင်ငံများကို ဖော်ပြထားသော ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်မှုဒဏ်ခံရခြင်း အညွှန်းကိန်း၂ပါ နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံသည် ဒုတိယနေရာတွင် ရှိနေခဲ့သည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် မြန်မာနိုင်ငံသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၈၄ သန်းခန့် ဆုံးရှုံးလျက်ရှိပြီး ဆင်းရဲသည့် ပြည်သူများက ပိုမိုထိခိုက်ခံစားရလေ့ရှိသည်ဟု ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ရပ်တွင် တွေ့ရှိရသည်။ သဘာဝဘေးဟူသည် မလွန်ဆန်နိုင်သော မလွဲမသွေကြုံတွေ့ရမည့် အန္တရာယ်ဖြစ်သဖြင့် သဘာဝဘေးမတိုင်မီကာလ၊ သဘာဝဘေးကျရောက်စဉ်ကာလနှင့် သဘာဝဘေးလွန်ကာလတို့တွင် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မပျက်မကွက် ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်း၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ထိရောက်မြန်ဆန်ခြင်း၊ ပိုမိုကောင်းမွန်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်စေခြင်းတို့သည်သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရေးအတွက် အဓိကကျသော လုပ်ငန်းများဖြစ်သည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစကောင်းမှအနှောင်းသေချာဆိုသကဲ့သို့ မူလကတည်းက ထိထိရောက်ရောက် ကြိုတင်စီမံဆောင်ရွက်နိုင်မည်ဆိုပါက သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် သုံးစွဲရမည့် ကုန်ကျစရိတ်များ များစွာလျော့နည်းသက်သာသွားမည်ဖြစ်သည်။ သဘာဝဘေးအမျိုးမျိုးနှင့်ပတ်သက်၍ ကြိုတင်မြော်တွေးပြီး စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားရမည်ဖြစ်သည်။

ထင်ရှားသောသာဓကအားဖြင့် မန္တလေးမြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရာတွင် အဓိကအကြောင်းရင်းမှာ အဆောက်အအုံများ၊ လျှပ်စစ်ဓာတုအားပေးကိရိယာများ ဆောင်ရွက်ရာတွင် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ မူလကတည်းက ထိထိရောက်ရောက် ကြိုတင်စီမံဆောင်ရွက်နိုင်မည်ဆိုပါက သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် သုံးစွဲရမည့် ကုန်ကျစရိတ်များ များစွာလျော့နည်းသက်သာသွားမည်ဖြစ်သည်။ သဘာဝဘေးအမျိုးမျိုးနှင့်ပတ်သက်၍ ကြိုတင်မြော်တွေးပြီး စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားရမည်ဖြစ်သည်။

> ❖ **သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ မူလကတည်းက ထိထိရောက်ရောက် ကြိုတင်စီမံဆောင်ရွက်နိုင်မည်ဆိုပါက သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် သုံးစွဲရမည့် ကုန်ကျစရိတ်များ များစွာလျော့နည်းသက်သာသွားမည်ဖြစ်သည်။ သဘာဝဘေး အမျိုးမျိုးနှင့်ပတ်သက်၍ ကြိုတင်မြော်တွေးပြီး စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားရမည်ဖြစ်သည်။** ❖

ထို့ကြောင့် အဆောက်အအုံများ၊ လမ်းတံတားများ စသည်တို့အပါအဝင် အခြေခံအဆောက်အအုံများကို အင်အားပြင်းငလျင်ဒဏ်ခံနိုင်ရည်ရှိအောင် တည်ဆောက်ခြင်းအားဖြင့် အဆောက်အအုံပြိုကျပျက်စီးမှုမှ ကာကွယ်နိုင်မည်ဖြစ်ပြီး လူများထိခိုက်ဒဏ်ရာရ အသက်ဆုံးရှုံးမှုများမှလည်း ရှောင်လွှဲနိုင်မည်ဖြစ်သည်။ ထိုမှသာ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် အကြိမ်ကြိမ်ပျက်စီးခြင်း၊ အကြိမ်ကြိမ်ပြန်လည်တည်ဆောက်ရခြင်း၊ နိုင်ငံ့ဘဏ္ဍာငွေ အမြောက်အမြားဆုံးရှုံးရခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုထိခိုက်စေခြင်းတို့ လျော့နည်းသက်သာနိုင်မည်ဖြစ်သည်။ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကိုပါ အကျိုးရှိစေမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများကို အများပြည်သူသိရှိစေရန် အသိပညာပေးခြင်း၊ ကြိုတင်သတိပေးစနစ်များ ထားရှိဆောင်ရွက်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် လေ့ကျင့်သင်တန်းပေးခြင်းနှင့် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ခြင်းတို့ဖြင့် ပြည်သူလူထု၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ပြီး သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်သည့် ဒေသဆိုင်ရာ လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဇွန်၊ ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာ မိုးရာသီကာလများ၌ မုန်တိုင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် ရေကြီးရေလျှံမှုများ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည်။ ရေကြီးရေလျှံခြင်းတွင် မိုးများ၍ မြစ်ချောင်းများ ရေကြီးရေလျှံခြင်း၊ ရုတ်တရက် တောင်ကျချောင်းရေကျဆင်းခြင်းကြောင့် ရေကြီးရေလျှံခြင်း၊ ကမ်းရိုးတန်းဒေသများတွင် ပင်လယ်ဒီရေမြင့်တက်ခြင်း၊ မုန်တိုင်းဒီရေတက်ခြင်းတို့ကြောင့် မြစ်ရေမျက်နှာပြင်ကို မြင့်တက်လာစေပြီး မြစ်ကမ်းပါးများကို ကျော်လွန်ကာ မြစ်ကမ်းအနီးဒေသများနှင့် အနိမ့်ပိုင်းဒေသများကို ရေလွှမ်းမိုးမှုဖြစ်ပေါ်စေသည်။ မြစ်ကမ်းပါးတစ်လျှောက် တာတမံများဆောက်လုပ်ခြင်း၊ အနိမ့်ပိုင်းများတွင် မြေဖို့၍ပြုပြင်ခြင်း၊ ရေပြန်လည်ကျဆင်းချိန်တွင် ရေများမတင်ကျန်စေရေးအတွက် ရေစီးရေလာကောင်းအောင် ဆောင်ရွက်ထားခြင်း၊ ရာသီဥတုအခြေအနေနှင့် မိုးလေဝသ သတင်းများကို မပြတ်စောင့်ကြည့်၍ သတိပေးချက်များပေါ်ထွက်လာပါက ကြိုတင်ရှောင်ရှားခြင်းနည်းလမ်းများဖြင့် အန္တရာယ်မှ ရှောင်ရှားကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း မိမိနေထိုင်ရာ နေရာဒေသများ၏ သဘာဝပထဝီအနေအထားကိုလိုက်၍ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို မိုးလေဝသအခြေအနေပေါ်မူတည်၍ ကြိုတင်ရှောင်ရှားပြင်ဆင်ထားကြရန်လိုသည်။

လူတိုင်းသဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာမြင့်မားပြီး ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ထားခြင်းသည် မိမိတို့နိုင်ငံကို ဘေးဒဏ်ခံနိုင်စွမ်းရှိစေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မပျက် ဖော်ဆောင်နိုင်မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက အများပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့်အတူ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရေးအတွက် နိုင်ငံ့အသားတင်ထုတ်ကုန် (ဂျီဒီပီ)နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်မှုများဖြစ်ပေါ်စေသည်။ ထို့ကြောင့် မိမိတို့၏ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကောင်းမွန်အောင် မိမိနေထိုင်ရာနေအိမ်နှင့် ပတ်ဝန်းကျင်ကို သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် ပြင်ဆင်ခြင်းနှင့် ရာသီဥတုဖြစ်စဉ်များကို စောင့်ကြည့်လေ့လာခြင်းသည် ကုန်ကျစရိတ်သက်သာသော နည်းလမ်းပင်ဖြစ်သည်။

ဘေးအန္တရာယ်ကျရောက်လာချိန်တွင် တုံ့ပြန်ဆောင်ရွက်ခြင်း

အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဆိုသည်မှာ ထိခိုက်ခံရသည့်သူများကို ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အရေးပေါ်အကူအညီပေးခြင်း၊ စိတ်ဓာတ်ရေးရာအရ အားပေးနှစ်သိမ့်ခြင်း၊ ဘေးကင်းလုံခြုံရေးကိစ္စများ ဆောင်ရွက်ပေးခြင်းနှင့် ပျက်စီးဆုံးရှုံးမှု ဆန်းစစ်ခြင်းတို့ဖြစ်သည်။ သဘာဝဘေးအန္တရာယ် ကျရောက်သည်နှင့်တစ်ပြိုင်နက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသရှိဘေးသင့်သူများ လက်ဝယ်သို့ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ စနစ်တကျအချိန်မီရောက်ရှိရန်ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတွင်ဖြစ်စေ၊ ကျရောက်မည့် အခြေအနေတွင်ဖြစ်စေ ပြည်သူများကို သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်နေရာနှင့် အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန် ညွှန်ကြားခြင်းနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန်လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်း၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ(အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ)ကို ဦးစားပေးပြီး ကူညီစောင့်ရှောက်ခြင်းတို့ဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အတိုင်းအတာတစ်ခုထိ လျော့နည်းသက်သာစေမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများအားလုံးသည် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးအစီအမံများကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကြုံတွေ့ခဲ့ရသောအခြေအနေများကို သင်ခန်းစာယူပြီး ထိခိုက်ဆုံးရှုံးနိုင်မှုလျှော့ချရေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ရေတို၊ ရေရှည်အစီအမံများချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အများဆုံးကြုံတွေ့ရသော ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု၊ မြေဆီလွှာပျက်သုဉ်းမှု သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန် သစ်တောသစ်ပင်များ ထိန်းသိမ်းမြှင့်တင်ပျိုးထောင်ရေးလုပ်ငန်းများကို "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဆိုသည့် ဆောင်ပုဒ်ဖြင့် မူဝါဒချမှတ်ကာ နိုင်ငံတော်က အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ လူသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို အချိန်ခဏတာအတွင်း ဖျက်ဆီးပစ်နိုင်သကဲ့သို့ နေ့စဉ်နေထိုင်မှုဘဝကိုလည်း ခြိမ်းခြောက်နေသည့် အကြီးမားဆုံးရန်သူဖြစ်သည်။ ယနေ့ကာလသည် အစွန်းရောက်ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်များကို ပိုမိုကြုံတွေ့ရလျက်ရှိရာ သဘာဝဘေးအန္တရာယ်ကို ယခင်ကထက် သတိတရားမြဲစွာ ကပ်ထားကြရတော့မည်ဖြစ်ပါသည်။ မိမိတို့နေထိုင်ရာဒေသများတွင် ယခင်က မဖြစ်ခဲ့ဖူးသော သဘာဝဘေးအန္တရာယ်မျိုး ယခုဖြစ်လာနိုင်သည်ဟု ကြိုတင်မြော်တွေးကာ လုံ့လ၊ ဝီရိယ၊ ဉာဏ်အမြော်အမြင်တို့ပေါင်းစပ်၍ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး ပြင်ဆင်စီမံဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

- **နေ့စဉ်ထုတ်သတင်းစာများ**
- **www.moi.gov.mm**
- **www.moswrr.gov.mm**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးမည်

ယခင်နှစ်က ပဲလွမ်းစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူ အောက်တိုဘာ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တောင်သူများ ပဲလွမ်းသီးနှံ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးသွားနိုင်ရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများနှင့် အထွက်နှုန်းကောင်းသောမျိုးများ ပံ့ပိုးကူညီနိုင်ရေး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီဖို့နဲ့ သီးနှံအထွက်နှုန်းတွေ တိုးတက်စေဖို့အတွက် တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားမှာပါ။ ပဲလွမ်းသီးနှံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်မှန်ကန်ပြီး သွင်းအားစုတွေ စနစ်တကျသုံးစွဲကြဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်တဲ့အပြင် စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်အောင်လဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ပဲလွမ်းစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်စေရန် အတွက် အထွက်နှုန်းကောင်းသော မျိုးများရရှိရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ၌ ပန်းကြယ်သီးထိုးနည်းသင်တန်းဆင်းပွဲ ကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ဖြူအင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းကြယ်သီးထိုးနည်း သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၀ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက အမှာစကားပြောကြားပြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးသော အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးပြုကာ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသော သင်တန်းသူများကို ဆုချီးမြှင့်ပြီး သင်တန်းသူအားလုံးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ ပန်းကြယ်သီးထိုးနည်းသင်တန်းသို့ ပြင်ဦးလွင်မြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ပန်းကြယ်သီးထိုးနည်းသင်တန်းနှင့် ပတ်သက်သော ဘာသာရပ်များကို နည်းပြဆရာများက အောက်တိုဘာ ၅ ရက်မှ အောက်တိုဘာ ၁၀ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က ပြောပြ၍ သိရသည်။

အောင်ရဲကျော်



ခေတ်စနစ်နှင့်အညီ လိုအပ်လာသည့် စစ်မှုထမ်းဆောင်မှုတာဝန်များ

စစ်အေးတိုက်ပွဲကာလ ပြီးဆုံးသွားပြီးနောက် ပိုင်းတွင် နိုင်ငံအများစုသည် စစ်မှုမထမ်းမနေရ စနစ်ကို တဖြည်းဖြည်းဖျက်သိမ်းပြီး ဆန္ဒအလျောက် ဝင်ရောက်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးလာခဲ့ကြသည်။ ထိုသို့ဖျက်သိမ်းမှုသည် အချို့သောနိုင်ငံများ၌ ခေတ်မီစစ်လက်နက်ပစ္စည်းများကို ပိုမိုအသုံးပြုလာခြင်းနှင့် အချို့သည် နိုင်ငံအပေါ်ကျရောက်နိုင်သည့်အန္တရာယ် လျော့ပါးလာခြင်းတို့နှင့် အဓိကသက်ဆိုင်လျက်ရှိသည်။ သို့သော်လည်း မကြာသေးခင်နှစ်များမှစ၍ အချို့သောနိုင်ငံများက ဤစနစ်ကိုပြန်လည်ကျင့်သုံးလာသည်ကို တွေ့ရှိလာရသည်။

စစ်မှုမထမ်းမနေရစနစ် ပြန်လည်ကျင့်သုံးလာရသည့် အဓိကအကြောင်းရင်းများ

ကမ္ဘာ့နိုင်ငံများအနေဖြင့် ဤစနစ်ကို ပြန်လည်ကျင့်သုံးလာရသည့် အဓိကအကြောင်းအရင်းများရှိလာခဲ့သည်။ ပထမအချက်မှာ ပထဝီနိုင်ငံရေးတင်းမာမှုများမြင့်တက်လာခြင်းဖြစ်သည်။ ဟားမတ်စ-အစ္စရေးပဋိပက္ခ၊ ရုရှား-ယူကရိန်းပဋိပက္ခကဲ့သို့ နိုင်ငံတကာပဋိပက္ခများကြောင့် ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာရှဒေသရှိ နိုင်ငံတချို့သည် မိမိတို့၏ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် လိုအပ်လာခဲ့သည်။ စစ်ရေးတပ်ဖွဲ့သည် နေ့ချင်း၊ ညချင်း တည်ဆောက်၍မရပေ။ အချိန်ယူတည်ဆောက်မှသာလျှင် ကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်ပြည့်ဝသောတပ်မတော်အဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

ဒုတိယအကြောင်းရင်းမှာ စစ်သည်အင်အားလိုအပ်ချက်မြင့်မားခြင်းကြောင့်ဖြစ်သည်။ ယခုအခါ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် အမြဲတမ်းတပ်ဖွဲ့အင်အား လျော့ပါးလာနေသည်ကို တွေ့ရသည်။ မိမိဆန္ဒအလျောက် ဝင်ရောက်သည့်စနစ်တစ်ခုတည်းဖြင့် လိုအပ်သည့်စစ်သည်အင်အား လုံလောက်စွာရရှိနိုင်ခြင်းမရှိသောကြောင့် စစ်မှုမထမ်းမနေရစနစ်ကို ပြန်လည်အသုံးပြုလာခြင်းဖြစ်သည်။

တတိယအချက်မှာ နိုင်ငံသားများ၏ တာဝန်သိစိတ်မြှင့်တင်ပေးခြင်းအတွက် ကျင့်သုံးခြင်းဖြစ်သည်။ ဤစနစ်သည် နိုင်ငံသားများကြားတွင် တာဝန်ယူမှု၊ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံချစ်စိတ်ကို မြှင့်တင်ပေးနိုင်သည်ဟု အချို့နိုင်ငံများက ယူဆထားသည်။ အချို့နိုင်ငံများရှိ နိုင်ငံသားများ၏ အရာအားလုံးသည် နိုင်ငံတော်အစိုးရတွင် တာဝန်ရှိသည်ဟူသောယူဆချက်ဖြင့် နိုင်ငံ့အကျိုးသယ်ပိုးရန်စိတ်ကူးမရှိရာမှ မျိုးဆက်များကူးပြောင်းလာချိန်တွင် နိုင်ငံတော်အပေါ် ကာကွယ်လိုစိတ်၊ ချစ်မြတ်နိုးစိတ်များ ဖြည်းဖြည်းချင်းမှေးမှိန်ပျောက်ကွယ်လာမှုကို ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် ဤစနစ်ကို ပြန်လည်ကျင့်သုံးလာခဲ့ခြင်းဖြစ်သည်။

စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးနေသော အထင်ကရနိုင်ငံတချို့

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ စစ်မှုမထမ်းမနေရစနစ်ကို ပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးလျက်ရှိသည့်နိုင်ငံအများအပြားရှိသည်။ ဥပမာအားဖြင့် အာရှဒေသတွင် မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ အစ္စရေးကဲ့သို့သော နိုင်ငံများနှင့် တရုတ်(တိုင်ပေ)တို့သည် ဤစနစ်ကို ကျင့်သုံးလျက်ရှိသည်။ မိမိတို့နိုင်ငံသည် ဤစနစ်ကို နောက်ဆုံးကျင့်သုံးသည့်နိုင်ငံဖြစ်သည်။

ဥရောပဒေသတွင်လည်းပြည်ပအန္တရာယ်အပေါ် စိုးရိမ်ပူပန်မှုများမြင့်တက်လာသည့် ဆွီဒင်နှင့်ဖင်လန်ကဲ့သို့သောနိုင်ငံများတွင်လည်း စစ်မှုမထမ်းမနေရ စနစ်ကို ပြန်လည်ကျင့်သုံးလာကြောင်း တွေ့ရသည်။ ထို့ပြင် ဩစတြီးယား၊ ဆိုက်ပရပ်စ်၊ ဒိန်းမတ်၊ အက်စ်တိုးနီးယားနှင့် ဂရိနိုင်ငံတို့တွင်လည်း ဤစနစ်ကို ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်။ အာဖရိကဒေသတွင် အီရီထရီးယားနှင့် ချဒ်နိုင်ငံတို့တွင် အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံးကို စစ်မှုထမ်းရန် တင်းကျပ်စွာသတ်မှတ်ထားသည်။

စစ်မှုမထမ်းမနေရစနစ်ကျင့်သုံးမှု ပုံစံကွဲပြားမှုများ

စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးသည့် နိုင်ငံတိုင်းသည် ပုံစံတူမဟုတ်ကြပေ။ အချို့နိုင်ငံများသည် အမျိုးသားများကိုသာ အဓိကထားပြီး စုဆောင်းသော်လည်း အချို့နိုင်ငံများတွင် အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံးကို တာဝန်ထမ်းဆောင်စေသည်။ နော်ဝေနှင့် ဆွီဒင်တို့တွင် အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမရှိဘဲ စစ်မှုထမ်းရမည့်စနစ်ကို ကျင့်သုံးလျက်ရှိသည်။ ထို့ပြင် နိုင်ငံတချို့က လိုအပ်သည့်စစ်သည်အင်အားကိုသာ ရွေးချယ်စုဆောင်းမှုပုံစံမျိုးကို ကျင့်သုံးကြသကဲ့သို့ အချို့နိုင်ငံများက အရည်အချင်းပြည့်မီသည့်လူငယ်တိုင်း စစ်မှုထမ်းစနစ်ကို ကျင့်သုံးမှုမျိုးလည်းရှိသည်။ ဤအခြေအနေများကို ခြုံငုံကြည့်မည်ဆိုပါက ကမ္ဘာ့အင်အားကြီးနိုင်ငံများကြားပြိုင်ဆိုင်မှုများ၊ ဒေသတွင်းပဋိပက္ခများနှင့် ပြည်တွင်းကာကွယ်ရေးလိုအပ်ချက်များကြောင့် စစ်မှုမထမ်းမနေရစနစ်သည် ပြန်လည်ခေတ်စားလာသည့် လက္ခဏာရပ်တစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

စစ်မှုမထမ်းမနေရဥပဒေဖြင့် တာဝန်ထမ်းဆောင်ရသည့် အကျိုးကျေးဇူးများ

စစ်မှုမထမ်းမနေရဥပဒေဖြင့် တာဝန်ထမ်းဆောင်ရခြင်းသည် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီသည့် အကျိုးကျေးဇူးများကိုရရှိစေသည်။ စင်ကာပူ၊ တောင်ကိုရီးယားနှင့် အစ္စရေးကဲ့သို့သော ချမ်းသာကြွယ်ဝသည့်နိုင်ငံများ၊ မြောက်ကိုရီးယား၊ ရုရှားကဲ့သို့သော စစ်အင်အားကြီးထွားသည့်နိုင်ငံများ ပါဝင်နေခြင်းကြောင့် မတူညီသည့်အကျိုးကျေးဇူးများရရှိစေခြင်းဖြစ်သည်။ ၎င်းတို့အနက်မှ အဓိကအကျိုးကျေးဇူးများကို ထုတ်နုတ်ဖော်ပြထားပါသည်။

နိုင်ငံတော်ကာကွယ်ရေးစွမ်းရည်မြှင့်မားလာခြင်း

စစ်မှုမထမ်းမနေရဥပဒေကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အချိန်တိုအတွင်းမှာ စစ်သည်အင်အားအများအပြားကို စုဆောင်းနိုင်သည့်အတွက် နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည် ပိုမိုမြင့်မားလာစေသည်။ ထို့ပြင် လိုအပ်သည့်အချိန်များတွင်လည်း အရန်တပ်ဖွဲ့ဝင်အင်အားကို အသင့်စုဆောင်းထားနိုင်သည်။ ထို့ကြောင့် နိုင်ငံ၏လုံခြုံရေးအတွက် ပိုမိုစိတ်ချရသည့် အခြေအနေများကို ဖန်တီးပေးသည်။

နိုင်ငံသားများစည်းလုံးမှုနှင့် နိုင်ငံချစ်စိတ် ပိုမိုခိုင်မာလာခြင်း

လူငယ်များအနေဖြင့် စစ်မှုထမ်းရသည့်အတွက် နိုင်ငံသားတိုင်းဟာ မိမိနိုင်ငံကို ကာကွယ်ရမည်ဟူသည့်စိတ်ဓာတ်များ ပိုမိုရင့်သန်လာသည်။ နိုင်ငံ၏နယ်နိမိတ်များကို ကာကွယ်ပေးရုံသာမက သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံရသည့်အခါတွင်လည်း အတူတကွပူးပေါင်းဆောင်ရွက်ရင်း နိုင်ငံသားများကြားတွင် စည်းလုံးမှုနှင့်ညီညွတ်မှုများ ပိုမိုအားကောင်းလာသည်။ ထို့ပြင် လူငယ်များသည် စစ်ဘက်ဆိုင်ရာကျွမ်းကျင်မှုများကိုလည်း သင်ကြား

> ❖ လူငယ်များအနေဖြင့် စစ်မှုထမ်းရသည့်အတွက် နိုင်ငံသားတိုင်းဟာ မိမိနိုင်ငံကိုကာကွယ်ရမည်ဟူသည့်စိတ်ဓာတ်များ ပိုမိုရင့်သန်လာသည်။ နိုင်ငံ၏နယ်နိမိတ်များကို ကာကွယ်ပေးရုံသာမက သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံရသည့်အခါတွင်လည်း အတူတကွပူးပေါင်းဆောင်ရွက်ရင်း နိုင်ငံသားများကြားတွင် စည်းလုံးမှုနှင့်ညီညွတ်မှုများ ပိုမိုအားကောင်းလာသည်။ ထို့ပြင် လူငယ်များသည် စစ်ဘက်ဆိုင်ရာကျွမ်းကျင်မှုများကိုလည်း သင်ကြားရရှိနိုင်သည်။ ❖

ရရှိနိုင်သည်။ အဓိကအားဖြင့် စစ်မှုမထမ်းမနေရ ကျင့်သုံးခြင်းဖြင့်ရရှိသည့် နိုင်ငံသားများစည်းလုံးမှုနှင့် နိုင်ငံချစ်စိတ်ပိုမိုခိုင်မာလာခြင်းကြောင့် ၎င်းစနစ်ကျင့်သုံးသည့် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ စင်ကာပူနှင့် အစ္စရေးနိုင်ငံတို့တွင် လက်နက်ကိုင်သောင်းကျန်းသည့်အဖွဲ့မရှိခြင်းသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်သည်။

ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်လာခြင်း

စစ်မှုထမ်းသူများက စစ်ရေးလေ့ကျင့်မှုများအပြင် စည်းကမ်းလိုက်နာမှု၊ ခေါင်းဆောင်မှု၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် စွမ်းရည်များကိုလည်း သင်ယူရသည်။ ထို့သို့လေ့ကျင့်မှုများက လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်အားကို တိုးတက်စေသည့်အတွက် နောင်တစ်ချိန်အရပ်ဘက်လုပ်ငန်းများလုပ်ကိုင်သည့်အခါ၌လည်း အထောက်အကူဖြစ်စေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံများအတွက် မဖြစ်မနေလိုအပ်လာသည့် စစ်မှုမထမ်းမနေရစနစ်

အမှန်တကယ်တွင် ဒီမိုကရေစီနိုင်ငံအများစုသည် လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အလေးထားသည့်အတွက် စစ်မှုမထမ်းမနေရစနစ်ထက် ဆန္ဒအလျောက်စစ်မှုထမ်းသည့်စနစ်ကို ပိုပြီးကျင့်သုံးလေ့ရှိသည်။ သို့သော်လည်း မကြာသေးမီနှစ်များအတွင်း နိုင်ငံတကာရေးရာတင်းမာမှုများ မြင့်တက်လာသည့်အတွက် ဒီမိုကရေစီနိုင်ငံတချို့သည် စစ်မှုမထမ်းမနေရစနစ်ကို ပြန်လည်စဉ်းစားလာခြင်း၊ သို့မဟုတ် ပုံစံအသစ်များဖြင့် ပြောင်းလဲကျင့်သုံးမှုများရှိလာသည်။ မည်သည့်အတွက်ကြောင့် ဒီမိုကရေစီနိုင်ငံများတွင် ဤစနစ်ကို စဉ်းစားလာကြခြင်းမှာ အကြောင်းအရင်းနှစ်ခုရှိနေသည်။ တစ်ခုမှာ နိုင်ငံတကာခြိမ်းခြောက်မှုများ မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ ဥရောပတိုက်ရှိ ဒီမိုကရေစီနိုင်ငံများသည် ၎င်းတို့၏ ကာကွယ်ရေးစွမ်းရည်ကို ပြန်လည်သုံးသပ်လာကြသည်။ ထို့ကြောင့် ဖင်လန်၊ နော်ဝေနှင့် ဆွီဒင်တို့ကဲ့သို့သော နိုင်ငံများသည် စစ်မှုမထမ်းမနေရစနစ်ကို ပြန်လည်ကျင့်သုံးလာကြခြင်း ဖြစ်သကဲ့သို့ အချို့ကလည်း ဤစနစ်ကို ပိုမိုခိုင်မာအောင်လုပ်ဆောင်လာကြသည်။ ဒုတိယအချက်မှာ စစ်သည်အင်အားလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဖြစ်သည်။ ဒီမိုကရေစီနိုင်ငံများသည် ဆန္ဒအလျောက် ဝင်ရောက်သည့်စနစ်ကြောင့် အမြဲတမ်းစစ်သည်အင်အားလုံလောက်မှုမရှိသည့်အခက်အခဲကို ရင်ဆိုင်ရလေ့ရှိသည်။ ဤအခက်အခဲကို ဖြေရှင်းရန်အတွက် စစ်မှုမထမ်းမနေရစနစ်ကို ပြန်လည်ကျင့်သုံးခြင်းက တပ်မတော်အတွက် လိုအပ်သည့်စစ်သည်အင်အားကို ပိုမိုလျင်မြန်စွာရရှိစေနိုင်ခြင်းကြောင့်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံများ၏ ကျင့်သုံးမှုပုံစံ

ဒီမိုကရေစီနိုင်ငံများအနေဖြင့် စစ်မှုမထမ်းမနေရ စနစ်ကို အတင်းအကျပ်မဟုတ်ဘဲ ပုံစံအမျိုးမျိုးနှင့် ကျင့်သုံးလေ့ရှိသည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ ပထမပုံစံမှာ အရန်တပ်ဖွဲ့ဝင်အင်အား ထူထောင်ခြင်းဖြစ်သည်။ ဆွီဒင်နှင့် နော်ဝေကဲ့သို့သော နိုင်ငံများသည် လိုအပ်သည့်အရေအတွက်ကိုသာ ရွေးချယ်ပြီး စစ်မှုထမ်းခိုင်းသည့်စနစ်ကို ကျင့်သုံးသည်။ ထို့ပြင် တာဝန်ထမ်းဆောင်ရမည့်သူများကိုလည်း အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ ရွေးချယ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံအတွက် လိုအပ်သည့် အရန်တပ်ဖွဲ့ဝင်အင်အားကို စုဆောင်းနိုင်သည်။

ဒုတိယပုံစံမှာ လူမှုရေးတာဝန်အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ အချို့နိုင်ငံများတွင် စစ်မှုထမ်းရုံသာမကဘဲ ပြည်သူ့ဝန်ဆောင်မှုအဖြစ်လည်း တာဝန်ထမ်းဆောင်စေသည့် ရွေးချယ်ခွင့်ပေးခြင်းမျိုးလည်းရှိသည်။ ဤအချက်က လူငယ်များကို နိုင်ငံအတွက် ပုံစံအမျိုးမျိုးဖြင့် အကျိုးပြုနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ တတိယပုံစံမှာ စည်းကမ်းနှင့် နိုင်ငံချစ်စိတ်ကို မြှင့်တင်ပေးခြင်းဖြစ်သည်။ ဒီမိုကရေစီနိုင်ငံများတွင် စစ်မှုထမ်းခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟူသည့်စိတ်ဓာတ်ကို မြှင့်တင်ပေးသည့် နည်းလမ်းအဖြစ်လည်း ရှုမြင်ကြသည်။ စစ်မှုထမ်းသည့်အခါရရှိသည့် စည်းကမ်း၊ အဖွဲ့လိုက်လုပ်ဆောင်တတ်သည့်အလေ့အကျင့်၊ အနစ်နာခံမှု၊ အများအကျိုးသယ်ပိုးမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်များက နိုင်ငံသားကောင်းတစ်ဦး၏ အရည်အသွေးများကို ပိုမိုတိုးတက်စေသည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅) သင်တန်းဆင်းများသည် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။ စစ်မှုထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူ့အကျိုးအတွက်သာမက မိမိဘဝလျှောက်လှမ်းမှုအတွက်လည်း မဖြစ်မနေလိုအပ်သည့်အကျိုးကျေးဇူးရရှိနိုင်ခြင်းကြောင့် စစ်မှုထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အကျိုးသယ်ပိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

- **နေ့စဉ်ထုတ်သတင်းစာများ။**

သန်းထွန်းဝင်း(အညာမြေ)

ချစ်စရာအရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

မောင်ဖိုးဖြူနှင့် ခွေးကလေး

မင်္ဂလာပါ ကလေးတို့ရေ။ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ပုံပြင်လေးကတော့ မောင်ဖိုးဖြူနှင့် ခွေးကလေးဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ မောင်ဖိုးဖြူလို့ ခေါ်တဲ့ လူငယ်လေးတစ်ယောက်နေထိုင်သတဲ့ကွယ်။ မောင်ဖိုးဖြူကလေးမှာ မိဘတွေလဲမရှိတော့ တစ်ယောက်ထဲနေထိုင်ပြီး ရွာမှာ ကြံ့ရာအလုပ်ကလေးတွေလုပ်ရင်း အသက်မွေးဝမ်းကျောင်းနေရတာပေါ့ကွယ်။ မောင်ဖိုးဖြူကလေးဟာ အလုပ်ကြိုးစားပြီး ရိုးသားလွန်းတာကြောင့် ရွာကလူတွေကလဲ ချစ်ခင်ကြတာပေါ့ကွယ်။ ရွာကလူတွေမှာ အခက်အခဲရှိရင်လဲ မောင်ဖိုးဖြူကလေးက အမြဲကူညီပေးသတဲ့ကွယ်။ ဒါကြောင့်မို့ မောင်ဖိုးဖြူကလေးဟာ အလုပ်မရတဲ့နေ့ဆိုတာမရှိဘူးတဲ့ကွယ်။

တစ်နေ့တစ်နေ့ မောင်ဖိုးဖြူကလေးဟာ သူလုပ်စရာရှိတဲ့အလုပ်တွေ အကုန်လုံးကိုလုပ်ပြီးတာနဲ့ ရွာဦးကျောင်းက စေတီလေးဆီကို အမြဲသွားတာပေါ့ကွယ်။ ရွာဦးကျောင်းက စေတီလေးကို ဖူးမြော်ပြီးရင် မောင်ဖိုးဖြူကလေးဟာ ဘုရားပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်တာပေါ့ကွယ်။ သန့်ရှင်းရေးလုပ်ပြီးရင် မောင်ဖိုးဖြူကလေးဟာ တောပန်းကလေးတွေ သွားခူးပြီး ဘုရားမှာပန်းတွေ ကပ်လှူသတဲ့ကွယ်။ ပြီးရင် မောင်ဖိုးဖြူလေးဟာ ရွာဦးကျောင်းဆရာတော်ဆီကိုသွားပြီး ရွာဦးကျောင်းဆရာတော်ရဲ့တရားဓမ္မနဲ့ ဆုံးမစကားတွေနာကြားရင်း ပျော်ရွှင်နေတာပေါ့ကွယ်။ မောင်ဖိုးဖြူကလေးဟာ ရွာဦးကျောင်းဆရာတော်ရဲ့ တရားဓမ္မနဲ့ဆုံးမစကားလေးတွေ အမြဲလိုနာကြားနေရတော့ ကုသိုလ်လဲနေ့တိုင်းရနေတာပေါ့ကွယ်။ ရွာဦးကျောင်းဆရာတော်ဆီက တရားနာကြားပြီးရင် မောင်ဖိုးဖြူကလေးဟာ အိမ်မပြန်သေးဘဲ ရွာဦးကျောင်းရဲ့ ဝေယျာဝစ္စအလုပ်မှန်သမျှကိုလဲ မခိုမကပ်ဘဲ အမြဲကုသိုလ်ယူလုပ်ပေးသတဲ့ကွယ်။ ဒါကြောင့်မို့ ရွာဦးကျောင်းဆရာတော်က "စေတနာ မေတ္တာကြီးမားတဲ့ မောင်ဖိုးဖြူကလေးတစ်နေ့သူ့ရဲ့စေတနာမေတ္တာတွေက အကျိုးပေးမှာပါ။ လူတိုင်း မောင်ဖိုးဖြူကလေးကို အတုယူကြပါ"လို့ အမြဲမိန့်ကြားသတဲ့ကွယ်။ ဒီလို သန့်ရှင်းရေးလုပ်ပြီးရင် မောင်ဖိုးဖြူကလေးဟာ

ဒီခွေးကလေးကို အိမ်ခေါ်သွားရင်ကောင်းမလား" လို့တွေးမိသတဲ့။ ဒါကြောင့်မို့ မောင်ဖိုးဖြူကလေးဟာ "ခွေးကလေးရေ၊ အိမ်မှာ ငါတစ်ယောက်ထဲ နေရတာကွ။ မင်း ငါနဲ့အတူလိုက်နေမလား"လို့ မေးလိုက်သတဲ့ကွယ်။ အဲဒီလို မောင်ဖိုးဖြူကလေးက မေးလိုက်တော့ ခွေးကလေးက ဝမ်းသာအားရစွာနဲ့ အမြီးလေးနန့်ပြတာပေါ့ကွယ်။ ဒါနဲ့ပဲ မောင်ဖိုးဖြူကလေးဟာ ခွေးကလေးကိုခေါ်ပြီး အိမ်ပြန်လာခဲ့တာပေါ့ကွယ်။

မောင်ဖိုးဖြူကလေးဟာ အိမ်ပြန်ရောက်တော့ ခွေးကလေးကို ထမင်းနဲ့ ဟင်းကျန်တာလေးတွေ နယ်ပြီးကျွေးသတဲ့ကွယ်။ ဆာလောင်နေတဲ့ ခွေးကလေးဟာ မောင်ဖိုးဖြူကလေးကျွေးတဲ့ထမင်းကို ခေါင်းမဖော်စတမ်းစားရင်း အမြီးလေးနန့်ပြပြီး ကျေးဇူးတင်ကြောင်းပြနေတာပေါ့ကွယ်။ ခွေးကလေးက ထမင်းအားရပါးရစားနေတာကို မောင်ဖိုးဖြူကလေးဟာ စောင့်ကြည့်ရင်း ဝမ်းသာပျော်ရွှင်နေသတဲ့ကွယ်။ ခွေးကလေးဟာ ထမင်းလဲစားပြီးရော မောင်ဖိုးဖြူရဲ့ဘေးနားကို လာအိပ်နေသတဲ့ကွယ်။

မောင်ဖိုးဖြူကလေးဟာ သူ့အနားမှာလာအိပ်နေတဲ့ ခွေးကလေးရဲ့ခေါင်းကိုပွတ်သပ်ပေးရင်း ခွေးကလေးရဲ့ဒဏ်ရာကို ဆေးထပ်ထည့်ပေးခဲ့တာပေါ့ကွယ်။ မောင်ဖိုးဖြူကလေးဟာ နေ့တိုင်း ခွေးကလေးကို အစာဝဝကျွေးရင်း ဒဏ်ရာကိုလဲ ဆေးမှန်မှန်ထည့်ပေးသတဲ့ကွယ်။

ဒီလိုနဲ့ ရက်အတော်ကြာတဲ့အခါ ခွေးကလေးရဲ့ဒဏ်ရာကပျောက်သွားသတဲ့ကွယ်။ ဒါကြောင့်မို့ မောင်ဖိုးဖြူကလေး အလုပ်သွားချိန်ဆို ခွေးကလေးက အိမ်မှာကျန်နေခဲ့ပြီး ခြံလုံအောင်ကင်းစောင့်ပေးနေတာပေါ့ကွယ်။ ပြီးတော့ မောင်ဖိုးဖြူကလေး အလုပ်ပြန်လာချိန်ဆို အိမ်ရှေ့ထွက်စောင့်ပြီး ဆီးကြိုနေသတဲ့ကွယ်။ ဒီလိုနဲ့ တစ်ညမှာတော့ မောင်ဖိုးဖြူကလေးရဲ့အိမ်ကို သူခိုးဝင်ခိုးသတဲ့ကွယ်။ မောင်ဖိုးဖြူကလေးကတော့ တစ်နေကုန်အလုပ်လုပ်ထားရလို့ ပင်ပန်းပြီးအိပ်ပျော်နေတာ သူခိုးဝင်လို့ဝင်မှန်းတောင်မသိခဲ့ဘူးပေါ့ကွယ်။ ဒါပေမဲ့ ခွေးကလေးက သူခိုးဝင်လာတာကိုသိနေခဲ့လို့ မာန်ဖီပြီး သူခိုးကို အတင်းဝင်ကိုက်ခဲ့တာပေါ့ကွယ်။ အဲဒီအချိန်ကျမှ မောင်ဖိုးဖြူကလေးဟာ အိပ်ရာကနေ လန့်နိုးလာပြီး ခွေးကလေးကိုက်လိုက်လို့ လဲကျနေတဲ့သူခိုးကိုဖမ်းလိုက်တာပေါ့ကွယ်။ ခွေးကလေးရဲ့ကျေးဇူးကြောင့် သူခိုးလဲဖမ်းမိပြီး စုထားသမျှလေးတွေ ပါမသွားတော့ မောင်ဖိုးဖြူကလေးဟာ ဝမ်းသာသွားသတဲ့ကွယ်။ ဒါကြောင့်မို့ မောင်ဖိုးဖြူကလေးဟာ ခွေးကလေးကို အစာဝဝကျွေးရင်း တစ်လှည့်တစ်ပြန်စောင့်ရှောက်လို့ သက်ဆုံးတိုင် အတူနေထိုင်သွားသတဲ့ကွယ်။

သားတို့၊ သမီးတို့ရေ ဒီပုံပြင်လေးထဲမှာတော့ မောင်ဖိုးဖြူကလေးရဲ့ ကြင်နာတတ်တဲ့စိတ်ထားကို ခွေးကလေးက ကျေးဇူးသိတတ်စွာနဲ့ကျေးဇူးပြန်ဆပ်ခဲ့တာပေါ့။ ဒါကြောင့်မို့ သားတို့၊ သမီးတို့လဲ ကြင်နာတတ်တဲ့စိတ်ကလေးထားရှိရမယ်နော်။ ကြင်နာတတ်တဲ့စိတ်ကလေးထားရှိမယ်ဆိုရင် သားတို့၊ သမီးတို့ ပတ်ဝန်းကျင်ကလူတွေကော တိရစ္ဆာန်လေးတွေပါ ပျော်ရွှင်ရမှာပေါ့ကွယ်။

ကဲ...သားတို့၊ သမီးတို့ရေ ဒီတစ်ပတ် ပုံပြင်လေးကတော့ ဒီလောက်ပါပဲကွယ်။

ငြိမ်းချမ်းအောင်(နတ်တလင်း)

ပညာအလင်းရောင်

À မီးရောင် လရောင် နေအရောင်
ထွန်းလင်းလို့တောက်ပြောင်၊
လောကလူ့ဘောင် အလင်းပေး
အမှောင်ကင်းပျောက်ဝေး။

À အလင်းရောင်ဖွေး မြတ်ပညာ
ဆထက်ထူးကဲသာ၊
လောကလူ့ရွာ အမှောင်ခွင်း
နေ့ညအမြဲလင်း။ ။

လမင်းခန့်(ပညာရေး)

တို့လူငယ်

À တက်ကြွလန်းဆန်း ပြုံးပျော်ရွှင်
အလုပ်ကြိုးစားချင်။

À တတ်ပညာသင် မြဲကြိုးစား
နိုးကြားသော စိတ်ထား။

À အမှန်အမှား ခွဲခြားကာ
တန်ဖိုးရှိဖို့ရာ။

À တိုးတက်ရေးသာ ဦးတည်လျှောက်
ရိုးသား ပန်းတိုင်ရောက်။ ။

မောင်မျိုးချစ်(အညာမြေ)

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ ရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး ကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြီးအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရ ငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နှားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာ ဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော **ကြုံ၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံစျေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၁၂၂
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၇၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ချိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအရသမျှ အရသာထူး ဖိတ်ခေါ်ကြပြန်း ....

ရှေဖီဦး BLACK TEA (ဓာတ်တရား)တို့ Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

(ASEAN-OSHNET AWARD) ထွင်
BEST Practices Award ရရှိခဲ့သည့် ရှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

(၂၄)ကြိမ်မြောက် 5 Digits
အောင်ဘာလေ အွန်လိုင်းထီ လက်မှတ်များကို
အောက်တိုဘာလ(၁)ရက်နေ့မှ (၁၅)ရက်နေ့အထိ
စိတ်ကြိုက်ရွေးချယ် ကံစမ်းနိုင်ပါပြီ!

5 Digits
အောင်ဘာလေ အွန်လိုင်းထီ

A,B,C က,ခ,ဂ
F,G,H စ,ဆ,ဇ
Z,RA,LA ဃ,ရ,လ
U,V,Y ဝ,ဖ,ဗ
TH,HA သ,ဟ
P,Q,T တ,ထ,နဲ
AH အ

Call Center 777 (or)
09 677 000 777
Scan Me

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

ရှင်းသန့်
Painting service
ဆေးသုတ်ဝန်ဆောင်မှု
☎ 09774253254, 09983828949.

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများရှာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများရှာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တိုးတက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

ပျောက်ဆုံးကြောင်း

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်ချိုချိုစန်း (ဘ) ဦးစိုးမြင့် (၉/မရမ(နိုင်)၀၂၇၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ်၊ MA-096778 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09-43058964

အမည်မှန်

ပြင်ဦးလွင်မြို့ အလက(မိုးကြိုးကွက်သစ်) Grade - 5 တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်-၀၇၅၉ (ဘ) ဦးဂေးလ်ဘတ်၏ သမီးဖြစ်သူ မအေးသန္တာနိုင်၏ အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ မအိမ့်ကျော့ကျော့ခိုင် ဖြစ်ပါကြောင်း။
မအိမ့်ကျော့ကျော့ခိုင်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (စျ)ရပ်ကွက် စက်မှု(၁)နေ ဦးအောင်စိုး+ဒေါ်ခင်ညွန့်ဝေတို့၏ သားမောင်ကောင်းမြတ်စိုး (၉/ပကခ(နိုင်)၀၄၈၉၅၉)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအောင်စိုး (၉/မနတ(နိုင်)၁၀၃၉၉၄)
ဒေါ်ခင်ညွန့်ဝေ (၅/တဆန(နိုင်)၀၆၂၀၆၉)

ဗလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ ဗတ်ကြစို့

အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

❖ ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလုံးဆိုင်ရာပြတ်တောက်မှု(Global Disruptions)များကြောင့် ဖြစ်လာနိုင်သည့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ဒေသဆိုင်ရာစီးပွားရေးပေါင်းစပ်မှု(Regional Economic Integration)များကို လုပ်ဆောင်ရန်လို...

❖ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်(Supply Chains)များကို အားကောင်းလာစေရန် ပူးပေါင်းပါဝင်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ်၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Center များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် အောက်ပါ Call Center ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)

(၁) ၀۶၇-၃၄၀၄၃၀၂ (၂) ၀۶၇-၃၄၀၄၃၀၃

(၃) ၀۶၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉۶

(၅) မိုဘိုင်းဖုန်းမှ စာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉۶

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှုဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းများဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၇၅ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၂၂၅ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့် ဒေသမှ ကျောင်းသား၊ ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား၊ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများကို တစ်ပါတည်းပေးအပ်ကြပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ ❑

၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဧရာဝတီရိုဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV-Entertainment ၊ MRTV-Parliament ၊ MRTV-NRC၊ မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသည့် MWD-HD Channel၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊သဇင်FM၊ မန္တလေးFM၊ ပဉ္စဝတီFM၊ ရွှေFM၊ ပတ္တမြားFM၊ FMပုဂံ၊ ချယ်ရီFM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၂၇ အာရှဖလားခြေစစ်ပွဲ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဆီးရီးယားလက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၁

၂၀၂၇ ခုနှစ် အာရှဖလားခြေစစ်ပွဲအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယားအသင်းတို့သည် အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလिမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563